# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၁၁) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ဒေးဒရဲမြို့နှင့် တော်ကမယ်၊ ကျုံကြပ်၊ သာယာကုန်း၊ သံဒိဇီးဖြူးကုန်းဆက်သွယ်သော လမ်းအရှည် ၁၄ မိုင် ၆ ဖာလုံအား ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) ပလက်ဝမြို့နယ်၊ ပျဉ်ဝကျေးရွာမှ အီဝရွာနှင့် တပ်ချောင်းရွာတို့ကိုဖြတ်၍ သံတောင်ရွာအထိ ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၈ | (ဂ) ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဒရယ်မီးချောင်းတံတား တံတားအမှတ် (၁/၈၇) တံတားကြီးအား လေးလမ်းသွား တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၉ | (ဃ) မြစ်သားမြို့နယ် အမှတ်(၄) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၁၀ | (င) သနပ်ပင်မြို့နယ်၊ မင်းရွာ-ကျောင်စုသစ်သားတံတားနှင့် တာဝ-ရေတံခါးသစ်သားတံတားအား သံကူ ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၁၁ | ပြည်ထောင်စုရှေ့နေချုပ်ရုံးက စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို တင်သွင်းခြင်း | ၁၄ |

၁၂ စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ၁၄

၁၃ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေး လုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၁၈

၁၄ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း ၄၅

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၃

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး**

**(၁၁)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၄–၁၁–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၏ **ဒေးဒရဲမြို့နှင့် တော်ကမယ်၊ ကြံ့ကြပ်၊ သာယာကုန်း၊ သံဒိဇီးဖြူကုန်း ဆက်သွယ်သော လမ်းအရှည် ၁၄ မိုင် ၆ ဖာလုံအား ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ်၊ ပျဉ်ဝ ကျေးရွာမှ အီဝရွာနှင့် တပ်ချောင်းရွာ တို့ကိုဖြတ်၍ သံထောင်ရွာအထိ ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ် ရန်ကုန်– မန္တလေး ကားလမ်းဟောင်း ဒရယ်မီးချောင်းတံတားအမှတ် ၁/၈၇ တံတားကြီးအား (၄)လမ်းသွား တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ် အမှတ်(၄) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ မင်းရွာ–ကျောင်းစု သစ်သားတံတားနှင့် တာဝ–ရေတံခါး သစ်သားတံတား အား သံကူကွန်ကရစ် တံတားများအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက **"စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် **"စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေး လုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာ ကျင့်သုံး၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စု**

**အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၊

(ခ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဂ) ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်၊

(ဃ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(င) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၊

(စ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၊

(ဆ) ဦးဝင်းထွဋ်၊ ဖျာပုံ မဲဆန္ဒနယ်၊

(ဇ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၊

(ဈ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(ည) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ဋ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ဌ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၊

(ဍ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၊

(ဎ) ဦးအောင်မင်း၊ ဇလွန် မဲဆန္ဒနယ်၊

(ဏ) ဦးဖြိုးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**
**(၁၁)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၈၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၄ ရက်၊
(၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၃) ဗိုလ်တစ်ထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊
(၄) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၃ ရက်၊
(၅) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၄ ရက်၊
(၆) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၄ ရက်၊
(၇) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် ၁၁ ရက်၊
(၈) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၁ ရက်၊
(၉) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊
(၁၀) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၁ ရက်၊
(၁၁) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊
(၁၂) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊
(၁၃) ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ခွင့် ၂ ရက်၊
(၁၄) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊
(၁၅) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၄ ရက်၊
(၁၆) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊
(၁၇) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် ၃ ရက်၊
(၁၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၄ ရက်၊
(၁၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁၁ ရက်၊

(၂၀) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၄ ရက်၊
(၂၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင် ခွင့် ၁ ရက်၊
(၂၂) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးဝင်း ခွင့် ၁ ရက်၊
(၂၃) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်၊
(၂၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊
(၂၅) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၂၆) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာဦးလှိုင်မြင့်ဟန် ခွင့် ၄ ရက်၊
(၂၇) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၄ ရက်၊
(၂၈) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊
(၂၉) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊
(၃၀) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ဦးပေါခင် ခွင့် ၄ ရက်၊
(၃၁) မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် ခွင့် ၁ ရက်၊
(၃၂) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးကြူ ခွင့် ၁ ရက်၊
(၃၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊
(၃၄) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၄ ရက်၊
(၃၅) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၅ ရက်၊
(၃၆) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊
(၃၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စိုးစိုးမြင့် ခွင့် ၂ ရက်နှင့်
(၃၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလွင်မောင်စိုး ခွင့် ၄ ရက်တို့ ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ဒေးဒရဲမြို့နှင့် တော်ကမယ်၊ ကျုံကြပ်၊ သာယာကုန်း၊ သံဒိဇီးဖြူးကုန်းဆက်သွယ်သော လမ်းအရှည် ၁၄ မိုင် ၆ ဖာလုံအား ပိုမိုမြန်ဆန်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒေးဒရဲမြို့နယ်အတွက်အရေးပါတဲ့ လမ်းတစ်လမ်းဖြစ်တဲ့လမ်း တစ်ခုအတွက် တောင်းဆိုချင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မတို့ဒေးဒရဲမြို့နယ်နဲ့ မုတ္တမပင်လယ်ကွေ့ကိုဆက်သွယ်ပေးထားသော ၁၉၉၀ ခုနှစ်မှာစတင် ဖောက်လုပ်ခဲ့တဲ့ ဒေးဒရဲ-တော်ကမယ်-ကျုံကြပ်-သာယာကုန်း-သံဒိဇီးဖြူးကုန်း ဆက်သွယ်ရေးလမ်း ၁၄ မိုင် ၆ ဖာလုံအား ယခုထက် ပိုပြီးမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ဒေးဒရဲမြို့ဟာ ရန်ကုန်မြို့ကနေ ၄၅ မိုင်ကွာဝေးပြီး တစ်နာရီခွဲခရီး ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နဲ့ဒေးဒရဲမြို့ကို ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ)နဲ့ ဆက်သွယ်ပေးထားပါတယ်။ ဒေးဒရဲမြို့ကနေပြီးတော့ ဖျာပုံလမ်းကနေတစ်ဆင့် ဖျာပုံ-ဘိုကလေးမြို့ကို လည်းကောင်း၊ ကျိုက်လတ်လမ်းကတစ်ဆင့် ကျိုက်လတ်မြို့ကိုလည်းကောင်း သွားလာနိုင်ပြီးတော့ ကျွန်မအခုတောင်းဆိုလိုတဲ့လမ်းကတော့ ဒေးဒရဲမြို့ကနေပြီး မုတ္တမပင်လယ်ကွေ့ ပင်လယ်ဝကို ဆက်သွယ်ပေးထားတဲ့လမ်း ၁၄ မိုင် ၆ ဖာလုံလမ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလမ်းကို ၁၉၉၀ ခုနှစ်ကစတင်ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ လူထုလုပ်အား ပေးနဲ့စဖောက်ခဲ့ပါတယ်။ ၁၉၉၇-၁၉၉၈ ခုနှစ်မှာ စည်ပင်သာယာကတာဝန်ယူပြီးတော့ မြေသား အဆင့်မြှင့်ပေးရာမှာ ဘတ်ဂျက်အခြေအနေအရ ၁၃ မိုင်သာ မြေသားအဆင့်မြှင့်ပြီးတော့ ကျန်တဲ့ ၁ မိုင် ၃ ဖာလုံက ရိုးရိုးမြေသားလမ်းအဖြစ် ကျန်ရှိနေခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျေးလက် ဦးစီးဌာနကနေပြီးတော့ တော်ကူမယ်တိုက်နယ်အထိ ၃ မိုင် ၃ ဖာလုံ ကျောက်ချောလမ်းခင်းထားပေးခဲ့ ပြီးတော့ ၎င်းလမ်းပေါ်မှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျေးလက်ဦးစီးကပဲ ၆.၆ ဖာလုံ ကွန်ကရစ်လမ်း ခင်းထားပေးခဲ့ပါတယ်။ ယခုနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်မှာ နောက်ထပ် ၁ မိုင် ၁.၈ ဖာလုံ ကွန်ကရစ်လမ်း

ခင်းရန် ဘတ်ဂျက်လျာထားပြီးတဲ့အတွက်ကြောင့်မို့လို့ ကွန်ကရစ်လမ်းက စုစုပေါင်း ၂ မိုင်နဲ့ ၀.၄ ဖာလုံ ခင်းပြီးဖြစ်ပါမယ်။ ဒီလမ်းကို ၁၉၉၀ ခုနှစ်ကစဖောက်ခဲ့ရာ ယခုထိ ၂၇ နှစ်ရှိပြီဖြစ်ပါတယ်။ ကျန်ရှိသော ကျောက်ချောလမ်း ၁ မိုင်ကျော်နဲ့ မြေသားအဆင့်မြှင့်ပြီး ၈ မိုင်၊ ရိုးရိုးမြေသားလမ်း ၃ မိုင် ၃ ဖာလုံ စုစုပေါင်း ၁၂ မိုင် ၆ ဖာလုံခန့်ကို ကျန်နေသေးတဲ့အတွက်ကြောင့်မို့လို့ ဒီနှုန်းအတိုင်း ဆက်ခင်းမည်ဆိုပါက နောက်ထပ်တစ်နှစ် ၁ မိုင်နှုန်းနဲ့ဆို ၁၀ နှစ်ကျော်ကြာဦးမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ယခုလမ်းဟာ ကျွန်မတို့ဒေးဒရဲမြို့နယ်အတွက် အရေးပါတဲ့အဓိကလမ်းဖြစ်ပါတယ်။ ဒေးဒရဲမြို့နှင့်တကွ အခြားမြို့များကို မုတ္တမပင်လယ်ကွေ့နှင့် ဆက်သွယ်ပေးထားသောလမ်း ဖြစ်ပါတယ်။ ဒီလမ်းဖြတ်သွားရာတစ်လျှောက်မှာရှိတဲ့ လမ်းဘေးဘယ်ညာကရွာတွေ၊ တခြားဒီဘက်ကျွန်းက ကျွန်းရွာတွေ၊ ပင်လယ်ကွေ့ကရွာတွေ၊ ပင်လယ်ကမ်းစပ်ကရွာတွေအားလုံးက ဒီလမ်းကို ကုန်းလမ်းဖြစ်တော့ မြန်တဲ့အတွက်ကြောင့်မို့လို့ ဒီလမ်းကိုအသုံးပြုကြပါတယ်။ မြစ်ချောင်းများခြားတဲ့ ရွာတွေကလည်း မြစ်ချောင်းကိုဖြတ်ပြီးတော့ ဒီကုန်းလမ်းကိုအသုံးပြုကြပါတယ်။ စုစုပေါင်း အကျိုးပြုမယ့်ရွာက ၈၀ ခန့်၊ လူဦးရေ ၄၅၀၀၀ ခန့်ကို အကျိုးပြုမှာဖြစ်ပါတယ်။ ဒီလမ်းကိုအသုံးပြုလိုကြတဲ့ အတွက် ရွာသားတွေက ကျွန်မကို ဒီလမ်းကိုတောင်းဆိုပေးဖို့ အဆိုပြုကြပါတယ်။ ဒီလမ်းကတော့ တော်ကမယ်ဘက်က ထွက်တဲ့လမ်းဖြစ်ပါတယ်။ ခုထိ ဒီလမ်းဒီပုံစံအတိုင်းပဲ ရှိနေပါသေးတယ်။ ဒီလမ်းကိုအသုံးပြုတဲ့အတွက်ကြောင့်မို့လို့ တကယ်လို့သာ ဒီလမ်းခင်းပေးလို့ကောင်းမယ်ဆိုလို့ရှိရင် ပညာရေးမှာဆိုလို့ရှိရင်လည်း ပတ်ဝန်းကျင်မှာရှိတဲ့ကလေးတွေက ဒီလမ်းကိုအသုံးပြုပြီးတော့ တော်ကမယ် အ.ထ.က၊ ဒေးဒရဲ အ.ထ.က ကို သူတို့အိမ်ကနေပြီးတော့ အိမ်ကနေနေ့ချင်းပြန်သွားလာပြီးတော့ ကျောင်းတက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့အတွက် ပညာရေးအတွက်လည်း အကျိုးရှိပါတယ်။ ရွာလမ်း၊ ရွှံ့လမ်းကိုဖြတ်ရတဲ့အတွက်ကြောင့် ကလေးတွေ ဖိနပ်မစီးနိုင်ပါဘူး။ ကျန်းမာရေးအတွက်လည်း အကျိုးရှိနိုင်ပါတယ်။ သဘာဝဘေးအန္တရာယ်အတွက်က ပိုပြီးအကျိုးကြီးပါတယ်။ သဘာဝဘေးအန္တရာယ်ရှိလို့ရှိရင် ဒီလမ်းကရှောင်နိုင်မှာဖြစ်ပါတယ်။ မြစ်တွေမှာလည်း သောင်ကြီးတွေပေါ်လာတဲ့အတွက်ကြောင့်၊ သောင်ကြီးတွေထွန်းလာတဲ့အတွက်ကြောင့်လည်းကောင်း၊ ချောင်းတွေမှာလည်းကောလာတဲ့အတွက်ကြောင့်လည်းကောင်း၊ ရေလမ်းကသွားရေးလာရေး ရေတက်ရေကျစောင့်လို့အခက်အခဲရှိနေတဲ့အတွက်ကြောင့် ဤလမ်းပြီးစီးရန် ကျွန်မတို့ဒေးဒရဲမြို့နယ်အတွက် အရေးကြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလမ်းကိုမြန်မြန်ဆန်ဆန် ဒီ့ထက်ပိုပြီးမြန်မြန်ဖောက်ပေးနိုင်အောင် ဖောက်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း

ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုမှမေးမြန်းထားတဲ့ ဒေးဒရဲမြို့နယ်တွင် ၁၉၉၀ ခုနှစ်မှ စတင် ဖောက်လုပ်ခဲ့သော ဒေးဒရဲမြို့နှင့် တော်ကမယ်-ကျုံကြပ်-သာယာကုန်း-သံဒိဇီးဖြူးကုန်း လမ်းသည် အရှည် ၁၄ မိုင် ၆ ဖာလုံအား ယခုထက်ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေးဒရဲမြို့နဲ့ တော်ကမယ်-ကျုံကြပ်-သာယာကုန်း-သံဒိဇီးဖြူးကုန်းလမ်းသည် အရှည် ၁၄ မိုင် ၆ ဖာလုံရှိပြီး ၂၀၁၃ ခုနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ ၂၀၁၅-၂၀၁၆ ခုနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များမှာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရန်ပုံငွေတို့ဖြင့် မြေသားလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်းတို့ကို အပိုင်းလိုက် ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ မြေသားလမ်း ရှစ်မိုင်၊ ကျောက်ချောလမ်း နှစ်မိုင် ၄.၄ ဖာလုံ၊ ကွန်ကရစ်လမ်း ၆.၆ ဖာလုံဖြစ်ပြီးတော့ မြေသားလမ်းသစ် ၃ မိုင် ၃ ဖာလုံဖောက်လုပ်ပေးရန် ကျန်ရှိနေပါတယ်။ အဆိုပါကျေးရွာချင်းဆက်လမ်းရဲ့ ကျောက်ချောလမ်း ၂ မိုင် ၄.၄ ဖာလုံအပေါ်မှာ ကွန်ကရစ် လမ်း ၁ မိုင် ၁.၈ ဖာလုံခင်းရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွင့်ပြုပြီးဖြစ်၍ တင်ဒါ အောင်မြင်ထားတဲ့ မြကန်သာကုမ္ပဏီမှ လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ဒေးဒရဲမြို့နယ်တွင်းရှိ တော်ကမယ်-ကျုံကြပ်-သာယာကုန်း- သံဒိဇီးဖြူ ကုန်းလမ်းသည် ရွာပေါင်း ၈၀ နှင့် လူ ၄၅၀၀၀ ကိုအကျိုးပြုမှာဖြစ်တဲ့အတွက် လမ်းအဆင့် သတ်မှတ်ချက်အရ A အဆင့်မှာရှိတဲ့အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်မတိုင်မီ ရာသီမရွေးသွားလာ နိုင်သော လမ်းဖြစ်ရန်အတွက် နှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ပလက်ဝမြို့နယ်၊ ပျဉ်ဝကျေးရွာမှ အီဝရွာနှင့် တပ်ချောင်းရွာတို့ကိုဖြတ်၍ သံတောင်ရွာအထိ ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိန်အောင်(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာ ကြသောဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပလက်ဝမြို့နယ်၊ မီးချောင်းရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ ပျဉ်ဝရွာမှ ပလက်ဝမြို့နယ် လေးမြို့မြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ သံထောင်ရွာအထိ ကားလမ်းဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ်ရဲ့ တောင်ဘက်အစွန်ဆုံး ကျ မြို့နယ်တစ်ခုဖြစ်ပြီးတော့ ဧရိယာစတုရန်းမိုင်ပေါင်း ၃၀၀၀ ကျော်ကျယ်ဝန်းပါတယ်။ တောင်ကုန်း

တောင်တန်းတွေထူထပ်ပြီး မြစ်တွေ၊ ချောင်းတွေပေါများသည့်အတွက် လမ်းပန်းဆက်သွယ်ရာမှာ ယနေ့အထိ အလွန်ခက်ခဲလျက်ရှိနေပါတယ်။ ပလက်ဝမြို့နယ်မှာ မြစ်တွေ၊ ချောင်းတွေကိုအစွဲပြုပြီး တော့ နယ်မြေဒေသလေးခုသတ်မှတ်လို့ရပါတယ်။ (၁) မြို့နယ်ရဲ့အနောက်ဘက်ခြမ်းမှာရှိတဲ့ ပီချောင်း တစ်လျှောက်ဧရိယာကို ပီချောင်းဒေသ၊ (၂) ပလက်ဝမြို့တည်ရှိရာ ကုလားတန်မြစ်ကြောင်း တစ်လျှောက်ဒေသကို ကုလားတန်ဘက်ဒေသ(၃) ဆမီးမြို့တည်ရှိရာ မီးချောင်းတစ်လျှောက်ဧရိယာကို မီးချောင်းဒေသနှင့် (၄) သံထောင်ရွာတည်ရှိရာ လေးမြို့မြစ်တစ်လျှောက်ဒေသကို လေးမျိုးဒေသ သို့မဟုတ် သံထောင်ဒေသဆိုပြီးတော့ သတ်မှတ်ခေါ်ဆိုကြပါတယ်။ ပထဝီအနေအထားအရ စောစောက ကျွန်တော် ဖော်ပြခဲ့သလိုပဲ တောင်ကုန်းတောင်တန်းတွေ၊ မြစ်တွေ၊ ချောင်းတွေပေါများတဲ့ အတွက် တစ်နေရာနှင့်တစ်နေရာ လမ်းပန်းဆက်သွယ်သွားလာတဲ့အခါမှာ အလွန်ခက်ခဲနေဆဲဖြစ်ပြီး တော့ အထူးသဖြင့် သံထောင်ဘက်ဒေသရဲ့အခြေအနေကို ကျွန်တော် ဖော်ပြလိုပါတယ်။

လေးမြို့ဒေသ သို့မဟုတ် သံထောင်ဒေသမှာ ကျေးရွာအုပ်စု ၁၈ အုပ်စု၊ ရွာပေါင်း ၁၉ ရွာရှိပြီး တော့ လူဦးရေ ၁၂၀၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ ပလက်ဝမြို့မှ သံထောင် ဒေသဘက်သို့ သွားလာတဲ့အခါမှာ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်တွေကို ဖြတ်သန်းပြီးတော့ သွားရပါတယ်။ အဲဒီအပြင် မြောက်ဦးမြို့နယ်၊ ဆင်အိုးရွာမှတစ်ဆင့် စက်လှေဖြင့် လေးမြို့မြစ်ကို ဆန်တက်ပြီးတော့ သွားရပါတယ်။ လေးမြို့မြစ်ဟာ အင်မတန်ရေစီးသန်ပြီးတော့ အန္တရာယ်များပါတယ်။ သံထောင်ဒေသဘက်ကနေ ပလက်ဝမြို့ သို့မဟုတ် စမီးမြို့ဘက်ကို လာတဲ့အခါမှာလည်းပဲ ဖော်ပြပါလမ်းအတိုင်း သွားလာရတဲ့အတွက် ကုန်ကျစရိတ်မြင့်မားခြင်း၊ အချိန် ပိုပေးရခြင်း၊ စသည့်အခက်အခဲများကို ပြည်သူများရင်ဆိုင်နေရဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စောစောကဖော်ပြခဲ့တဲ့ မီးချောင်း ပျဉ်ဝကျေးရွာကနေ သံထောင်ရွာအထိဟာ ကုန်းလမ်းမိုင် ၄၀ ခန့်သာ ကွာဝေးမည်ဟု သိရတဲ့အတွက် ၎င်းကို ကားလမ်း ဖောက်လုပ်ပေးမည်ဆိုပါက ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် သွားရေး၊ လာရေးပိုမိုအဆင်ပြေမှာဖြစ်ပြီးတော့ အချိန်နှင့်ကုန်ကျစရိတ်လည်း သက်သာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ မူလက ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေတဲ့ဒေသကို အလေးထားဆောင်ရွက်ပေးမှသာလျှင် ဒေသတစ်ခုနှင့် တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်နည်းပါးပြီးတော့ အချိုးညီစွာဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ရောက်ရှိလာနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပလက်ဝမြို့နယ်၊ ပျဉ်ဝကျေးရွာမှ အီဝရွာနှင့် တပ်ချောင်းရွာတို့ကိုဖြတ်၍ သံထောင်ရွာအထိ ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒနယ်ရှင် ပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်မှ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပျဉ်ဝကျေးရွာမှ အီဝရွာနှင့် တပ်ချောင်းရွာတို့ကိုဖြတ်၍ သံထောင်ရွာအထိ ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပျဉ်ဝ-အီဝ-တပ်ချောင်း-သံထောင်ကျေးရွာချင်းဆက်လမ်းအရှည် ၈၅ မိုင် ၇ ဖာလုံရဲ့ လက်ရှိအခြေအနေမှာ ၁၈ ပေအကျယ် မြေသားလမ်း ၂ မိုင်၊ ဆိုင်ကယ်လမ်းအရှည် ၈ မိုင်နှင့် လူသွားလမ်းအရှည် ၇၅ မိုင် ၇ ဖာလုံရှိပြီးတော့ ဆိုင်ကယ်လမ်းအရှည် ၈ မိုင်အား ၁၈ ပေ အကျယ် မြေသားလမ်းအဆင့်မြှင့်တင်ရန်နှင့် လူသွားလမ်းအရှည် ၇၅ မိုင် ၇ ဖာလုံအား ၁၈ ပေအကျယ် မြေသားလမ်းသစ်ဖောက်လုပ်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပျဉ်ဝ-အီဝ-ကြား မြေသားလမ်း ၁၁ မိုင် ၃ ဖာလုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လရန်ပုံငွေတွင်လည်းကောင်း၊ ပျဉ်ဝ-အီဝ-ကြား မြေသားလမ်း ၁၁ မိုင် ၅ ဖာလုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း လျာထားခဲ့ပြီးတော့ ပျဉ်ဝ-အီဝ-ကြား ကျောက်ချောလမ်း ၁၄ မိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း လျာထားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ National Strategy For Rual Roads and Access ပါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ လမ်း/တံတားများလုပ်ငန်းများအတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစားပေးရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများအပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှစိစစ်၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဒရယ်မီးချောင်းတံတား တံတား အမှတ်(၁/၈၇) တံတားကြီးအား လေးလမ်းသွား တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခနှစ်ဖြာသောသုခနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်ဖြစ်ပါတယ်။ ကျွန်တော် ယနေ့မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းကတော့ ဒိုက်ဦးမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ဒရယ်မီးချောင်းတံတား တံတားအမှတ်(၁/၈၇)တံတားကြီးအားနှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေး

ကောင်းမွန်ခြင်းဟာ အရေးကြီးလှပါတယ်။ လမ်းပန်းဆက်သွယ် ရေးလို့ပြောတာနဲ့ တစ်ပြိုင်နက်တည်း မှာပဲ တံတားများဟာလည်း အရေးပါလာရစမြဲပဲဖြစ်ပါတယ်။ ဒိုက်ဦးမြို့ဟာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ရန်ကုန်မှ ၈၆ မိုင်အကွာအဝေးမှာ တည်ရှိပါတယ်။ ဒိုက်ဦးမြို့ရဲ့ ဒရယ်မီးချောင်း တံတားကြီးဟာ မိုင်တိုင် ၈၆ မိုင် ၁ ဖာလုံမှာရှိပြီး အလျား ၁၈၄ ပေ အကျယ် ၂၆ ပေရှိပြီး RPT သံပေါင်နှင့် ၁၉၄၈ ခုနှစ်မတိုင်မီကတည်းက ဆောက်လုပ်ထားရှိခဲ့ပါတယ်။ ကျပ်သန်းပေါင်း ၅၅၂ သန်းကုန်ကျထားသည်ဟု မှတ်တမ်းများအရ သိရှိရပါတယ်။ မိုးတွင်းကာလ ဖြတ်သန်းသွားလာသော ယာဉ်ကြီးယာဉ်ငယ်ပေါင်း ၃၄၀၀ ကျော်ရှိပြီး ပွင့်လင်းရာသီဖြစ်တဲ့ ယခုလိုရာသီမှာတော့ ယာဉ်အစီး ပေါင်း ၄၀၀၀ ကျော် နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ရန်ကုန်-မန္တလေးကားလမ်းကို နိုင်ငံတော်၏စီမံချက်ဖြင့် လေးလမ်းသွားအဖြစ် ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။ လမ်းတွေကို အကျယ်ချဲ့နေသော် လည်း တံတားတွေမှာ နှစ်လမ်းသွားသာဖြစ်နေသောကြောင့် နေ့စဉ်နှင့်အမျှ ခရီးသွားပြည်သူတွေရဲ့ အသက်အန္တရာယ်ကို စိုးရိမ်နေရသလို ခရီးလမ်းကိုလည်း ကြန့်ကြာစေခဲ့ပါတယ်။ ဒိုက်ဦးမြို့နယ်ဟာ မိုင်တိုင် ၇၀ မှ ၈၈ မိုင်အထိဖြစ်ပြီး တံတားအကြီး၊ အသေးပေါင်း ၂၅ စင်းရှိပါတယ်။ သုံးစင်းမှာ ပေ ၁၈၀ အထက်ရှိပြီး ကျန် ၂၂ စင်းမှာ ပေ ၁၈၀ အောက်ဖြစ်ပါတယ်။ ပေ ၁၈၀ အောက်တံတားတွေကို ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ လမ်းတံတားချဲ့ခြင်းလုပ်ငန်းများကို လက်ရှိဆောင်ရွက်လျက် ရှိနေတာကို တွေ့ရပါတယ်။ ပေ ၁၈၀ နှင့်အထက် တံတားတွေကိုတော့ ဆောက်လုပ်ရေးဝန်ကြီး ဌာနအား တာဝန်ယူတည်ဆောက်ရမှာဖြစ်ပါတယ်။ ဒိုက်ဦးမြို့နယ်မှာ ပေ ၁၈၀ အထက် တံတားသုံးစင်း ရှိတဲ့အနက် ဒီ ဒရယ်မီးချောင်းတံတားသာ ကျန်ရှိပါတော့တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြတဲ့ ဒရယ်မီးချောင်းတံတားကြီးဟာ နှစ်ကာလကြာမြင့်သည်ကတစ်ကြောင်း၊ နှစ်လမ်းသွားတံတားဖြစ်တော့ ကျဉ်းမြောင်းတာကတစ်ကြောင်း ဖွံ့ဖြိုးတိုးတက်လာသော ယနေ့ခေတ်မှာ ကားအစီးရေများပြားစွာ သွားလာမှုကြောင့် ကတ္တရာများပေါက်ပြဲနေတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ထိုတံတားကြီးအနီး တွင် မြန်မာ့စိုက်ပျိုးရေးဘဏ်ရုံး၊ မြို့နယ်စီမံကိန်းရုံး၊ အခွန်ဦးစီးမှူးရုံး၊ ငါးလုပ်ငန်းဦးစီးမှူးရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးမှူးရုံးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှူးရုံး များလည်းရှိနေပါတယ်။ ဒီရုံးကို နေ့စဉ်သွားလာနေသော ဝန်ထမ်းများနှင့်ပြည်သူများကိုလည်း ခရီး ကြန့်ကြာစေခဲ့ပါတယ်။ တိုးတက်ပြောင်းလဲနေသော ယနေ့ဒီမိုကရေစီနိုင်ငံတော်ကြီးမှာ မပြောင်းလဲဘဲ ယခင်အတိုင်း ကျန်ရှိနေသည်မှာ ဒီ ဒရယ်မီးချောင်းတံတားကြီးပဲ ဖြစ်ပါတယ်။ အသစ်တွေ ဘယ်လောက်ကောင်းကောင်း အဟောင်းကိုတော့ တလည်လည်ပါလို့ဆိုတဲ့ဆိုရိုးစကားရှိပေမယ့် အဲဒီ စကားပုံထဲမှာ ဒီတံတားကြီးအတွက်တော့ မပါစေချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တံတားဟောင်း၊ တံတားအိုဆိုတာ ကြံ့ခိုင်မှုအားနည်းလာပြီး ကျဉ်းမြောင်းတဲ့အတွက်ကြောင့် သွားလာမှုခက်ခဲတယ်။ ခရီးလမ်းကိုလည်း ကြန့်ကြာစေပြီး အန္တရာယ်ကိုဖိတ်ခေါ်နေသလို ဖြစ်စေလို့ပါ။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှာ လမ်းချဲ့ပြီး တံတားကျဉ်းတဲ့အတွက်ကြောင့် တံတားပေါင်များကိုတိုက်ပြီး ချောင်းထဲ ပြုတ်ကျ၊ ကရိန်းကားဖြင့်ဆွဲတင်ရ၊ လူများသေဆုံးပြီး ကားများပျက်စီးမှုများကို မကြာခဏဆိုသလို တွေ့ရပါတယ်။ လမ်းတံတားတွေကို ချဲ့မယ်ဆိုရင် အများပြည်သူအန္တရာယ်ကင်းအောင် တံတားတွေကို ဦးစွာ ချဲ့သင့်ပါတယ်။ သို့ပါသောကြောင့် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် ၈၆ မိုင် ၁ ဖာလုံ

မှာရှိတဲ့ ဒရယ်မီးချောင်းတံတားကြီး တံတားအမှတ်(၁/၈၇)တံတားကြီးအား အမြန်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပါမည် နည်း၊ မရှိပါက အဘယ်ကြောင့်နည်းကို နေ့စဉ်သွားလာလှုပ်ရှားနေသော ခရီးသွားပြည်သူများနှင့် နိုင်ငံသူနိုင်ငံသားများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်မှ မေးမြန်းထားတဲ့ ပဲခူးတိုင်း ဒေသကြီး၊ ဒိုက်ဦးမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဒရယ်မီးချောင်းတံတား တံတားအမှတ်(၁/၈၇)တံတားကြီးအား လေးလမ်းသွားတံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး လမ်း(လမ်းဟောင်း)ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်တိုင်(၈၆/၀-၈၆/၁)ကြားမှာ ဒရယ်မီးချောင်း တံတားရှိပါတယ်။ လက်ရှိတံတားဟောင်းက( 33 ပေ - 0 လက်မ R.C x 1 ခန်း)+( 120 ပေ -0 လက်မ Steel Truss x 1 ခန်း)+( 33 ပေ -0 လက်မ R.C x 1 ခန်း) စုစုပေါင်း(၁၈၆ ပေ -၀ လက်မ) ပေရှိပြီးတော့ တစ်နေ့တာသွားလာတဲ့ယာဉ်စီးရေဟာ ၄၀၀၀ ကျော်ရှိနေပါတယ်။ ကိုယ်စားလှယ်တော် ကြီးတင်ပြသွားတာမှန်ပါတယ်ခင်ဗျား။ အဲဒီဒေသမှာ ကျွန်တော်တို့ လမ်းတွေအားလုံးကို လေးလမ်း မောင်းချဲ့ပြီးတဲ့အချိန်မှာ ဒီဒရယ်မီးချောင်းတံတားသည် နှစ်လမ်းသွားပဲရှိနေတာဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးလမ်းဟောင်း မှာရှိတဲ့ ဒရယ်မီးချောင်းတံတားကို မူလလမ်းကြောင်းအတိုင်း လေးလမ်းသွား သံကူကွန်ကရစ်တံတား အသစ်တည်ဆောက်ဖို့အတွက် ခန်းဖွင့်(50 ပေ -0 လက်မ R.C x 1 ခန်း)+(100 ပေ -0 လက်မ Plate Girdet x 1 ခန်း)+(50 ပေ -0 လက်မ R.C x 1 ခန်း) စုစုပေါင်း (၂၀၀ ပေ -၀ လက်မ)ပေအရှည် တံတားတစ်ဆင်းတည်ဆောက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ လေးစား အပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့၍ ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရန်ကုန်-မန္တလေးလမ်းဟောင်း ပေါ်မှာရှိတဲ့ ဒရယ်မီးချောင်းတံတား (၂၀၀ ပေ -၀ လက်မ)အရှည်ကို လေးလမ်းသွား သံကူကွန်ကရစ် တံတားအသစ်တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ တွင် လျာထားတင်ပြတောင်းခံထားပြီးတော့ ဘဏ္ဍာရေးနှစ် အလိုက်ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး တော့ တည်ဆောက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**မြစ်သားမြို့နယ်အမှတ်(၄) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြစ်သားမြို့နယ်ရဲ့အရေးပါတဲ့လမ်းတစ်ခုအကြောင်းကို မေးခွန်း မေးမြန်းသွားမှာပဲဖြစ်ပါတယ်။ မေးခွန်းကတော့ မြစ်သားမြို့နယ်မှာ အရေးပါလှတဲ့ အမှတ်(၄)ခရိုင် ပတ်လမ်းအား ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းဟာ ကျွန်တော်တို့မြို့နယ်အတွက် အင်မတန်အရေးကြီးပါတယ်။ ဒီလမ်းဟာ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)နဲ့ သပြေတောင်ရွာသာလမ်း တို့ကို ချိန်ဆက်ထားတဲ့ Class(A)ဝင်လမ်းပဲဖြစ်ပါတယ်။ ခရိုင်ချင်းဆက်အမှတ်(၂)လမ်းဟာ ကျောက်ဆည်ခရိုင်နဲ့ မိတ္ထီလာခရိုင်ကို ချိတ်ဆက်ထားပြီးတော့ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်အထိ သွားလာလို့ရတဲ့လမ်းပဲဖြစ်ပါတယ်။ သပြေတောင်-ရွာသာ လမ်းကလည်း မြစ်သားမြို့နယ်က ရွာတွေသာမက ဝမ်းတွင်းမြို့နယ်က ရွာအများစုက ဈေးဝယ်လာတဲ့ ကုန်စည်ဖောက်ကားလာတယ်ဆိုရင် မြစ်သားမြို့နယ်၊ ကူမဲမြို့ကို လာတဲ့အတွက် ဒီလမ်းဟာလည်း အရေးပါတဲ့လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါလမ်းနှစ်လမ်းကို ချိတ်ဆက်ပေးမယ့် ခရိုင်ပတ် လမ်းအမှတ်(၄)ကို အဆင့်မြှင့်ပေးလိုက်မယ်ဆိုရင် တိုက်ရိုက်အကျိုးပြုအိမ်ခြေ ၁၅၀၀၊ လူဦးရေ ၇၀၀၀ ကျော်သာမကဘဲနဲ့ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်နဲ့ ဝမ်းတွင်းမြို့နယ်က ရွာတွေပါ အကျိုးရှိမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့ကိုယ်စားပြု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သား မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်မှ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ မြစ်သားမြို့နယ်အတွက် အရေးပါသော အမှတ်(၄)ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးပါမည်နည်း၊ မရှိပါက အဘယ့်ကြောင့်ကို သိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်(၄)ခရိုင်ပတ်လမ်းသည် ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် မြစ်သား-ရွာသာ-သပြေတောင်လမ်းနှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တို့ကို ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။ လမ်းအရှည် လေးမိုင် (၄)ဖာလုံရှိပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေး

နှစ်မှာ တစ်မိုင် (၄)ဖာလုံနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ သုံးမိုင်တို့ကို အမာခံကျောက်ချော လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ၈၆၁ သန်း ကုန်ကျမှာဖြစ်ပြီးတော့ Box Culvert တစ်စင်းပြုပြင်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းအတွက် Box Culver အတွက်ကုန်ကျငွေ ၈.၁ သန်းဖြစ်ပြီးတော့ လမ်း၊ တံတား စုစုပေါင်းခန့်မှန်းကုန်ကျငွေကတော့ ၈၆၉.၇၉ သန်း ကုန်ကျမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကုန်ကျငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်း လျာထားမည်ဖြစ်ပြီးတော့ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**သနပ်ပင်မြို့နယ်၊ မင်းရွာ-ကျောင်းစုသစ်သားတံတားနှင့် တာ၀-ရေတံခါးသစ်သားတံတားအား သံကူ ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ သနပ်ပင်မြို့နယ်မှာ အင်မတန်အရေးပါတဲ့ ပဲခူး-စစ်တောင်းတူးမြောင်းဖြတ် တံတားနှစ်စင်းကို သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိပဲ ဖြစ်ပါ တယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်မြို့နယ်မှာရှိတဲ့ မင်းရွာ-ကျောင်းစု စစ်တောင်း တူးမြောင်းဖြတ်တံတားဟာ ၂၀၀၃ ခုနှစ်က တည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်။ သနပ်ပင်မြို့နယ်နဲ့ ဝေါမြို့နယ်မှာရှိတဲ့ ကျေးရွာပေါင်း ၃၀ ကျော်အတွက် အင်မတန်မှ အရေးပါတဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အကျိုးပြုတဲ့ တံတားဖြစ်ပါတယ်။ အလားတူပဲ ရေတံခါးတာ၀ စစ်တောင်း-ပဲခူးဖြတ်တံတားဟာဆိုလို့ရှိရင်လည်း ကျေးရွာပေါင်း ၃၀ ကျော်နှင့် သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်အတွက် အလွန်အရေးပါတဲ့ တံတားဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါ။ ဒါကတော့ မင်းရွာ-ကျောင်းစုတံတားဖြစ်ပါတယ်။ ဒါက တံတားရဲ့ပျက်စီးနေတဲ့အခြေအနေဖြစ်ပါတယ်။ ရေတံခါးတာ၀ တံတားဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ မင်းရွာ-ကျောင်းစုတံတားနှင့် ရေတံခါးတာ၀ တံတားနှစ်စင်းလုံးဟာ တိုင်များ၊ ယက်မများ၊ ယောက်တန်းများ၊ အခင်းများပါ ယိုင်နဲ့ကျိုးပေါက်ပြီး တော့ ဆွေးမြည့်နေလို့ စက်ဘီးတွေ၊ ဆိုင်ကယ်တွေ၊ ကားတွေသာမက လူတွေပါ ကျွံကျတာတို့၊ ပြုတ်ကျတာတို့ ဖြစ်ပြီးတော့ အလွန်အန္တရာယ်များတဲ့ အခြေအနေမှာဖြစ်နေပါတယ်။ နှစ်စဉ်ပြုပြင်မှု တွေလုပ်ခဲ့သော်လည်း ယခုအခါ ပြုပြင်လို့လုံးဝမရတဲ့ အခြေအနေမှာ ဖြစ်နေပါတယ်။ ဖော်ပြခဲ့တဲ့ တံတားတွေကို ခိုင်ခန့်ပြီးတော့ အရှည်တည်တံ့နိုင်မယ့်သံကွန်ကရစ်တံတားများအဖြစ် တည်ဆောက် ပေးပါက ပြည်သူလူထုများရဲ့အသက်အန္တရာယ်စိုးရိမ်မှုက လွတ်ကင်းပြီးတော့ ထိုတံတားများကို ဖြတ်ကျော်ကာ ကုန်ထုတ်လမ်းများမှတစ်ဆင့် ပဲခူး၊ ဝေါ၊ ကဝ၊ သနပ်ပင်မြို့နယ်များမှာရှိတဲ့ ပြည်သူများ ရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို အလွန်အကျိုးဖြစ်ထွန်းမှာ

ဖြစ်လို့ အနီးစပ်ဆုံးဘတ်ဂျက်မှာ ထည့်သွင်းတည်ဆောက်ပေးဖို့လို့ တင်ပြရခြင်းဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ သနပ်ပင်မြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းဖြတ်တံတားများဖြစ်တဲ့ မင်းရွာ-ကျောင်းစုသစ်သားတံတားနှင့် တာဝရေတံခါးသစ်သားတံတားအား သံကွန်ကရစ်တံတားများအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ တည်ဆောက်ပေးရန်ရှိပါက မည်သည့်ဘတ်ဂျက်နှစ်တွင် တည်ဆောက်ပေးမယ်၊ တည်ဆောက်ပေးရန် အစီအစဉ်မရှိပါက မည်သည့်အကြောင်းကြောင့် ဖြစ်သည်ကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးမှ သနပ်ပင်မြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းဖြတ်တံတားများဖြစ်သည့် မင်းရွာ-ကျောင်းစုသစ်သားတံတားနှင့် တာဝရေတံခါးသစ်သားတံတားအား သံကူကွန်ကရစ်တံတားများအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ တည်ဆောက်ပေးရန်ရှိပါက မည်သည့်ဘတ်ဂျက်နှစ်တွင် တည်ဆောက်ပေးမည်၊ တည်ဆောက်ပေးရန် အစီအစဉ်မရှိပါက မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်မြို့နယ်၊ ပဲခူး-စစ်တောင်းတူးမြောင်းဖြတ် မင်းရွာ-ကျောင်းစုသစ်သားတံတားသည် ပဲခူး-သနပ်ပင်လမ်းမကြီးနှင့်ဆက်သွယ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော သနပ်ပင်-ခရမ်း-မင်းရွာ-ကျောင်းစု-သဘော့ကန်လမ်းပေါ်မှာတည်ရှိပြီးတော့ သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်တို့ရှိ ကျေးရွာပေါင်း ၃၀ ကျော်တို့အား ကျေးလက်လူမှုစီးပွားဘဝလုပ်ငန်းများကို တိုက်ရိုက်အကျိုးပြုမယ့်တံတားများ ဖြစ်ပါတယ်။ ထို့အတူ တာဝရေတံခါးသစ်သားတံတားသည်လည်း ပဲခူး-သနပ်ပင်လမ်းမကြီးနှင့် ဆက်သွယ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော သနပ်ပင်-ခရမ်း-မင်းရွာ-ကျောင်းစု-သဘော့ကန်လမ်းနှင့် တာဝ-မြစ်ကျိုးလမ်းအား ဆက်သွယ်ထားတဲ့လမ်းပေါ်မှာ တည်ရှိတဲ့တံတား ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ မင်းရွာ-ကျောင်းစုသစ်သားတံတားနှင့် တာဝရေတံခါးသစ်သားတံတားနှစ်စင်းတို့မှာ သတ်မှတ်ထားတဲ့ လမ်းအဆင့်သတ်မှတ်ချက်များအရ လာမယ့် ၂၀၁၈-၂၀၁၉ နှစ်ကစပြီးတော့ ရန်ပုံငွေများကို တစ်နှစ်ချင်းအလိုက် တင်ပြတောင်းခံသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်ထောင်စုရှေ့နေချုပ်ရုံးက စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးက စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒုတိယရှေ့နေချုပ်ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် အဆိုတင်သွင်းမှာဖြစ်ပါတယ်။ စည်ပင်သာယာရေးဥပဒေဟာ ၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅ အနေနဲ့ ပြည်သူ့ကောင်စီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေမှာ အခန်း ၃ ခန်း၊ ပုဒ်မ ၁၂ ခု ပါရှိပါတယ်။ အဲဒီဥပဒေဟာ စည်ပင်သာယာရေးကော်မတီများအဆင့်ဆင့် လိုအပ်သလိုဖွဲ့စည်းနိုင်ရေးအတွက် ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား(၂) အပိုဒ် ၈ အပိုဒ်ခွဲ(က)အရ စည်ပင်သာယာရေးကိစ္စရပ်တွေဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များဖြစ်ပါတယ်။ ယခုအခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ စည်ပင်သာယာရေးဥပဒေများကို အသီးသီးပြဋ္ဌာန်းပြီးဖြစ်ကြောင်း ကျွန်တော်တို့လေ့လာသိရှိရပါတယ်။ ဒီဥပဒေဇယားအရဆိုရင် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ မြို့နယ်အသီးသီးမှာ စည်ပင်သာယာရေးအဖွဲ့တွေဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ တည်ဆဲဖြစ်တဲ့ စည်ပင်သာယာရေးဥပဒေ၊ ၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၅)ဟာ လက်ရှိအခြေအနေမှာ အသုံးပြုရန်မလိုအပ်တော့ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့် စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှာ လက်ခံဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးတင်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ဝင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၃၃၃

ရက် စွဲ၊ ၂ ၀ ၁ ၇ ခုနှစ်၊ နို ဝင် ဘာ လ ၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၁၀-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/ ၁၀ (၃၂၄)/ပထစ-၂၀၁၇

၁။ စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်-

(က) စည်ပင်သာယာရေးဥပဒေကို ၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅ သည် ပြည်သူ့ကောင်စီခေတ်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်သည့်အပြင် စည်ပင်သာယာရေး ကော်မတီများကို အဆင့်ဆင့်လိုအပ်သလို ဖွဲ့စည်းနိုင်သည့်ဥပဒေဖြစ်ခြင်း၊

(ခ) ပြည်ထောင်စုသမ္မမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ယခု အချိန်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် စည်ပင်သာယာ

ရေးဥပဒေများကိုပြဋ္ဌာန်းပြီး စည်ပင်သာယာရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပြီး ဖြစ်သည့်အတွက် ၁၉၈၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် စည်ပင်သာယာရေးဥပဒေကို အသုံးပြုရန် မလိုအပ်တော့ပါ။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၈-၁၀-၂၀၁၇ ရက် အင်္ဂါနေ့တွင် ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈၊ ဇယား(၂)အပိုဒ် ၈၊ စီမံခန့်ခွဲရေးကဏ္ဍအပိုဒ်ခွဲ(က)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် စည်ပင်သာယာရေးဥပဒေများပြဋ္ဌာန်းပြီး စည်ပင်သာယာရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပြီး၍ ဆောင်ရွက်လျက်ရှိသောကြောင့် စည်ပင်သာယာရေးဥပဒေ ၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၅)ကို ယခုအချိန်တွင် အသုံးပြုရန်မလိုအပ်တော့ပါသဖြင့် ရုပ်သိမ်းရန်သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။

၄။ သို့ဖြစ်ပါ၍ စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၃၃၃

ရက် စွဲ၊ ၂ ၀ ၁ ၇ ခုနှစ်၊ နို ဝင် ဘာ လ ၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၁၀-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/ ၁၀ (၃၂၄)/ပထစ-၂၀၁၇

၁။ စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) စည်ပင်သာယာရေးဥပဒေ ၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅ သည် ပြည်သူ့ကောင်စီခေတ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်သည့်အပြင် စည်ပင်သာယာရေး ကော်မတီများကို အဆင့်ဆင့်လိုအပ်သလို ဖွဲ့စည်းနိုင်သည့်ဥပဒေဖြစ်ခြင်း၊

(ခ) ပြည်ထောင်စုသမ္မမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရ ယခု အချိန်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် စည်ပင်သာယာ ရေးဥပဒေများကိုပြဋ္ဌာန်းပြီး စည်ပင်သာယာရေးအဖွဲ့များကို ဖွဲ့စည်းပြီးဖြစ်သည့် အတွက် ၁၉၈၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် စည်ပင်သာယာရေးဥပဒေကို အသုံးပြုရန် မလိုအပ်တော့ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၈-၁၁-၂၀၁၇ ရက် အင်္ဂါနေ့တွင် ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရ မည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) ရှိဇယား(၂)အပိုဒ် ၈၊ စီမံခန့်ခွဲရေးကဏ္ဍအပိုဒ်ခွဲ(က)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် စည်ပင်သာယာရေးဥပဒေများ ပြဋ္ဌာန်းပြီး စည်ပင်သာယာ ရေးအဖွဲ့များကို ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသောကြောင့် စည်ပင်သာယာရေးဥပဒေ(၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅)ကို ယခုအချိန်အခါတွင် အသုံးပြုရန်မလိုအပ်တော့သဖြင့် ရုပ်သိမ်းရန် သဘောတူကြောင်း ဆုံးဖြတ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၁၆-၁၁-၂၀၁၇ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေး လုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၁-၁၁-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာ ကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၅ ဦးရှိပါတယ်။ ပထမဦးစွာ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ကယား ပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံကျသော လမ်း၊ တံတား၊ အဆောက်အဦများဟာဆိုရင် မရှိမဖြစ်၊ မလုပ်မဖြစ် လုပ်ဆောင်ပေးရမယ့်အရာတွေဖြစ်သလို ယခုလက်ရှိ ကျွန်မတို့ အစိုးရသစ်လက်ထက်တွင်လည်း တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူလူထုတွေအတွက် အမှန်တကယ်လိုအပ်နေသေးတဲ့ လမ်း၊ တံတား၊ အဆောက်အဦများကို သက်ဆိုင်ရာဌာနအလိုက် ခွဲဝေပြီး လုပ်ဆောင်ပေးနေတာကို တွေ့နေရပါတယ်။ ယခုဆိုရင် တိုင်းဒေသကြီး/ပြည်နယ်များရှိ တည်ဆောက်ရေးလုပ်ငန်းများအား တင်ဒါခေါ်ယူ ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် နိုင်ငံတော်သမ္မတရုံး၏ (၁/၂၀၁၇) တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာမှုရှိ/မရှိဆိုတာကိုလည်း ဝန်ကြီးဌာနများအနေနဲ့ သေချာစိစစ်စေလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မတို့ပြည်နယ်ရဲ့ မြို့နယ်အချို့မှာ ပြန်၍ပြုပြင်ရတဲ့ တည်ဆောက်ရေးလုပ်ငန်းအချို့ပုံတွေပါ။ ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်က Third Party စနစ်ဆိုတာ လုပ်ငန်းရှင်က အစိုးရဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ မိမိရဲ့လုပ်ငန်းပြည့်မီစွာရရှိရေး၊ ဘဏ္ဍာငွေ ဆုံးရှုံးလေလွင့်ပြုန်းတီးမှုမဖြစ်စေရေးအတွက် ပြင်ပတတိယအဖွဲ့အစည်းတစ်ခုကို တန်ဖိုးငွေတစ်ရပ်နဲ့ မိမိကိုယ်စား တာဝန်ယူ၊ တာဝန်ခံခိုင်းပြီး လုပ်ငန်းဆောင်ရွက်သူ ကန်ထရိုက်ရဲ့လုပ်ငန်းများကို ကြပ်မတ်စစ်ဆေးအာမခံတဲ့စနစ်ဖြစ်ကြောင်း တင်ပြဆွေးနွေးသွားတာကို တွေ့ရပါတယ်။ ဒီလိုစနစ် ကောင်းတဲ့ Third Party စနစ်တွေကိုသာ တကယ်စနစ်တကျဖွဲ့စည်းပြီး လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်၍ ထိထိရောက်ရောက်စစ်ဆေးသွားမယ်ဆိုရင် ဒီလိုအခြေအနေမျိုးတွေကို ကျွန်မတို့ တွေ့ရှိရမှာမဟုတ်ပါဘူး။ အခုဆိုရင် အရည်အသွေးမပြည့်မီတဲ့ တည်ဆောက်ရေးလုပ်ငန်းများကြောင့်

နိုင်ငံတော်ရဲ့ဘဏ္ဍာငွေများစွာဟာ နှစ်စဉ်ဆိုသလို ဆုံးရှုံးနေရပါတယ်။ ပြည်ထောင်စုရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီး ကျွန်မတို့ ကယားပြည်နယ်အစိုးရအဖွဲ့မှ လမ်း၊ တံတား၊ အဆောက်အဦများကို စစ်ဆေးရန်အတွက် QC အဖွဲ့ငါးဖွဲ့ စတင်ပြီးစစ်ဆေးနေသည်ဟုလည်း သိရှိရပါတယ်။ ယခုလို တာဝန်ပေးပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုဟာ အရည်အသွေးစစ်ဆေးရာတွင် တာဝန်ယူ၊ တာဝန်ခံပြီး စစ်ဆေးနိုင်တဲ့အဖွဲ့အစည်းဖြစ်ဖို့ လိုပါတယ်။ Volunteer ဖွဲ့စည်းထားတဲ့ အဖွဲ့ဆို ထိရောက်တဲ့ အရည်အသွေးစစ်ဆေးမှုကို စစ်ဆေးနိုင်မှာမဟုတ်ပါဘူး။ တကယ့် Professional အဖွဲ့တွေဖြစ်ဖို့ လိုသလို တာဝန်ယူမှု၊ တာဝန်ခံမှုလည်း ရှိရမှာဖြစ်ပါတယ်။ ယခုဆိုရင် တိုင်းဒေသကြီး/ပြည်နယ်များတွင် တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် တစ်နှစ်အတွင်း နှစ်ချင်းပြီးဆောင်ရွက်နိုင်မယ့် အဆောက်အဦလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းစနစ်ဖြင့် ရွေးချယ်ခံရသောကုမ္ပဏီများရဲ့ တည်ဆောက်ရေးလုပ်ငန်းများကို ယခုလက်ရှိဖွဲ့စည်းထားသော QC အဖွဲ့အစည်းများနှင့်သာ စစ်ဆေးနေသည်ဟု သိရှိရပါတယ်။ ၎င်းအဖွဲ့အစည်းများသည် ပြည်နယ်မှ ခန့်အပ်ဖွဲ့ထားသော အဖွဲ့နှင့် မြို့နယ်က ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးရန် ဖွဲ့ထားသော အဖွဲ့များ ဖြစ်နေတာကိုလည်း တွေ့နေရပါတယ်။ ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ချက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် လမ်း၊ တံတားလုပ်ငန်းများကို ကိုယ်စားလှယ်များက သွားရောက်စစ်ဆေးနေပေမဲ့လည်း မျက်မြင် အခြေအနေကိုသာ တွေ့ရှိနိုင်ပြီး ပညာရပ်ပိုင်းဆိုင်ရာအနေဖြင့် စစ်ဆေးနိုင်မှာမဟုတ်တဲ့အတွက် အရည်အသွေးပိုင်းကိုတော့ အာမခံနိုင်မှာမဟုတ်ပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ QC စစ်ဆေးခြင်းလုပ်ငန်းဆိုတာ တာဝန်နှစ်ရပ်ရှိသည်ဟု လေ့လာသိရှိရပါတယ်။ ပထမတစ်ချက်ကတော့ စဉ်ဆက်မပြတ်စစ်ဆေးခြင်းနှင့် လုပ်ငန်းအစိတ်အပိုင်းအလိုက် စစ်ဆေးခြင်းဟူ၍ နှစ်မျိုးရှိပါတယ်။ ဒါပေမဲ့လို့ ပြီးခဲ့တဲ့ ပဥ္စမအကြိမ် အစည်းအဝေးမှာ ကိုယ်စားလှယ်တစ်ဦးမေးမြန်းသည်ကို ဝန်ကြီးဌာနမှ လာရောက်ဖြေကြားရာ၌ လုပ်ငန်းအမျိုးအစားအလိုက် သုံးကြိမ် သို့မဟုတ် လေးကြိမ်သာ စစ်ဆေးသည်ဟု ၎င်းပျက်စီးပါက Third Party မှ တာဝန်ယူရန်မလိုအပ်ဘဲ ကန်ထရိုက်တွင်သာ တာဝန်ရှိသည်ဟူ၍လည်းကောင်း ဖြေကြားခြင်းမှာ အဆိုရှင်တင်ပြခဲ့သလိုမဟုတ်ဘဲ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသည့် အရောင်ပြ၊ ဟန်ပြ Third Party စနစ်ဖြစ်နေပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေးခြင်းဆိုသည်မှာ သုံး၊ လေးကြိမ်သွားကြည့်ရုံဖြင့် လုပ်ငန်းအရည်အသွေးကို မှန်မှန်ကန်ကန်သိရှိနိုင်မည်မဟုတ်ပါ။ ပစ္စည်းတစ်ခုချင်းသည် သတ်မှတ်ထားသောအမျိုးအစားဟုတ်/မဟုတ်၊ သုံးစွဲရာတွင် နည်းစနစ်မှန်ကန်မှုရှိ/မရှိဆိုတာကို စဉ်ဆက်မပြတ် သွားရောက်စစ်ဆေးခြင်းပြုလုပ်မှသာလျှင် အဆိုရှင်အကြံပြုတင်ပြသလို အရည်အသွေးကို အာမခံနိုင်မှာဖြစ်ပါတယ်။ ယခုကဲ့သို့စစ်ဆေးခြင်းမှာလည်း တင်ဒါဖြင့်ဆောင်ရွက်သော ကန်ထရိုက်လုပ်ငန်းများသည်သာ စစ်ဆေးနိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဆောက်လုပ်ရေးဦးစီးဌာန အဆောက်အဦဦးစီးဌာနအဖွဲ့ (၁၆)မှ နည်းပညာမြင့်မားပြီး Public Safety လိုအပ်ခြင်း၊ အတိုင်းအတာပမာဏကြီးမားခြင်းတို့ကြောင့် ကြီးမားသော အဆောက်အဦများကို တာဝန်ယူဆောင်ရွက်သွားမည်ဟု သိရှိရပါတယ်။ ယခုလိုဝန်ကြီးဌာနမှ ကိုယ်တိုင်ဆောက်လုပ်မယ့်အဆောက်အဦများကိုလည်း အဆိုရှင်အကြံပြုထားသော လွတ်လပ်၍ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စစ်ဆေးသော Third Party အဖွဲ့များဖြင့် စစ်ဆေးခြင်းများ ပြုလုပ်

သင့်ပါတယ်။ သို့မှသာ စစ်ဆေးရာတွင် ဘက်လိုက်မှုမရှိဘဲ ပညာရှင်ပီသစွာ တိကျစွာစစ်ဆေးခြင်းဖြင့် ခေတ်အဆက်ဆက်ဖြစ်ပွားခဲ့တဲ့ အစိုးရရဲ့တည်ဆောက်ရေးလုပ်ငန်းတွေ အရည်အသွေးပြည့်မီ၍ ပြည်သူ့ဘဏ္ဍာငွေကုန်ရကျိုးနပ်တဲ့ လုပ်ငန်းတွေဖြစ်စေမှာဖြစ်သလို နိုင်ငံဖွံ့ဖြိုးရေးကိုလည်း အထောက်အပံ့ပေးမယ့် Third Party အဖွဲ့တွေလည်း ဖြစ်ထွန်းပေါ်ပေါက်လာမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် အဆိုရှင်၏ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးတက်လာပြီး အနာဂတ်နိုင်ငံကိုဆက်လက်တည်ဆောက်တဲ့အခါမှာ အကောင်းဆုံးတွေဖြစ်စေဖို့ နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသွားတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက တိုင်းပြည်ဘဏ္ဍာငွေတွေ အလေအလွင့်မရှိအောင် စနစ်တကျစိစစ်ဆောင်ရွက်ကြပါတယ်။ ဒီဘဏ္ဍာငွေတွေကို အတည်ပြုပြီးရင် ဌာနအလိုက် တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ကြရာမှာ အရည်အသွေးကို စနစ်တကျမစိစစ်နိုင်ရန် အိတ်ပေါက်နဲ့ဖားကောက်သလို ဖြစ်နေပါမယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက တည်ဆောက်ရေးလုပ်ငန်းအကုန်လုံး နားလည်မှာမဟုတ်သလို တည်ဆောက်ရေးလုပ်ငန်းတွေအားလုံးအတွက်လည်း အချိန်ပြည့်အချိန်ပေးနိုင်မှာမဟုတ်တဲ့အတွက် အရည်အသွေးတွေစစ်ဆေးနိုင်ဖို့၊ အမှီအခိုကင်းတဲ့ Third Party ဖွဲ့စည်းရန် အမှန်တကယ်လိုအပ်ပါတယ်။ ဌာနတွေက တည်ဆောက်ရေးလုပ်ငန်းတွေကို အရည်အသွေးစိစစ်ရာမှာ ဌာနတွေအချင်းချင်း အပြန်အလှန်ဖွဲ့စည်းစိစစ်နေတာဖြစ်လို့ Quality Control အမှန်ကို ရဖို့ ခက်ခဲပါတယ်။ အကျိုးဆက်အနေနဲ့ အကျင့်ပျက်အဂတိလိုက်စားခြင်းများသာ ကြီးမားလာတာဖြစ်ပါတယ်။ သူ့ဌာနကလုပ်ငန်းကိုများများစစ်ရင် ငါ့ဌာနလုပ်ငန်းကျရင် ခက်နေမယ်ဆိုပြီး လျှော့လျှော့ပေါ့ပေါ့ဆောင်ရွက်ကြတာရှိပါတယ်။ ဒါကြောင့်လည်း အရည်အသွေးမမီတဲ့တည်ဆောက်ရေးလုပ်ငန်းတွေကို တစ်နိုင်ငံလုံး မြင်တွေ့နေရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအစိုးရသစ်လက်ထက်မှာ အကျင့်ပျက်ခြစားမှုကို အရေးယူဆောင်ရွက်နေပြီး ဦးဆောင်သူတွေကလည်း မှန်မှန်ကန်ကန်ဆောင်ရွက်နေကြတာဖြစ်လို့ အရည်အသွေးပိုင်းကိုသာ အဓိကထားစိစစ်ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံတော်ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေ အရည်အသွေးမီလာမှာဖြစ်လို့ မှီခိုမှုကင်းတဲ့ Third Party အဖွဲ့အစည်းများကို အမြန်ဆုံးအကောင်အထည်ဖော်ကြရပါမယ်။ (၁/၂၀၁၇)အရ ကျပ် ၁၀ သန်းအောက်လုပ်ငန်းတွေသာ တင်ဒါခေါ်ယူရန်မလိုဘဲ တည်ဆောက်နိုင်ပေမဲ့ လက်တွေ့မှာတော့ ဥပမာ - ဆည်၊ မြောင်း၊ လမ်း၊ တံတား၊ ရေမြစ်ဖြိုးလုပ်ငန်း စတဲ့တည်ဆောက်ရေးလုပ်ငန်းတွေ ကျပ် ၁၀ သန်းအထက်ကိုလည်း အကြောင်းအမျိုးမျိုးနဲ့ ဌာနတွေက တာဝန်ယူတည်ဆောက်နေတာ အားလုံးအသိပါ။ ဌာနတွေက တာဝန်ယူတည်ဆောက်တဲ့

လုပ်ငန်းတွေကို အရည်အသွေးစိစစ်ပြီး ကာလသတ်မှတ်ချက်မတိုင်မီပျက်စီးခဲ့ရင် တာဝန်ယူမှု၊ တာဝန်ခံမှုကို ဘယ်သူတွေကပြုမှာလဲဆိုတာ မေးခွန်းထုတ်ရပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပဥ္စမပုံမှန်အစည်းအဝေးမှာ မြေပုံမဲဆန္ဒနယ်က ဦးဖေသန်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပြည်ထောင်စု ဒုတိယဝန်ကြီးက ကုမ္ပဏီလုပ်ငန်းတွေရဲ့ ၅ ရာခိုင်နှုန်းကို Quality Control အတွက် ကျခံရမယ်။ အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေက စစ်ဆေးပြီး ကာလသတ်မှတ်ချက်မတိုင်မီပျက်စီးခဲ့ပါက ကန်ထရိုက်တာသည် အလုံးစုံတာဝန်ရှိသည့်အဖွဲ့အစည်းဖြစ်သည့်အတွက် ကန်ထရိုက်တာသည် အဓိကတာဝန်ရှိပါကြောင်း ဖြေကြားထားပါတယ်။ မှန်ပါတယ်။ သို့ပေမဲ့ အရည်အသွေးစိစစ်တဲ့အဖွဲ့အစည်းတွေမှာလည်း တာဝန်မရှိဘူးလား။ စိစစ်သူက ဘယ်အပိုင်းကိုတာဝန်ယူလို့ တာဝန်ခံမှာလဲဆိုတာ ရှင်းရှင်းလင်းလင်းရှိဖို့၊ သိဖို့ လိုနေပါတယ်။ နောက်တစ်ချက်က ဌာနတွေမှ တာဝန်ယူတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ပျက်စီးသွားခဲ့ရင်လည်း အများသောအားဖြင့် သဘာဝဘေးအကြောင်းပြတယ်။ ပြင်/ထိန်းရန်ပုံငွေတောင်းခံပြီး ပြုပြင်လိုက်တယ်။ ဌာနက တည်ဆောက်သူမှ တာဝန်ခံမှု၊ တာဝန်ယူမှုဆိုတာ အတွေ့ရသလောက်ပါ။ ဒါကြောင့် Third Party စနစ်နဲ့ ဌာနကတာဝန်ယူတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို စိစစ်ရာမှာ ဒီကိစ္စကိုလည်း အလေးထားဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍လို့ ဆိုထားပါတယ်။ ယခုလည်း Third Party တွေနဲ့ စစ်ဆေးလုပ်ကိုင်နေတာဖြစ်ပေမဲ့ မှန်ကန်စွာကျင့်သုံးနိုင်မှု မရှိသေးလို့ အဆိုရှင်က ဒီစကားလုံးကို ထည့်သွင်းအဆိုတင်ခဲ့တာဖြစ်ပါတယ်။ Third Party ဆိုတာ အစိုးရ သို့မဟုတ် ဝန်ကြီးဌာနက ဖွဲ့စည်းရတာမဟုတ်ပါဘူး။ Independent ဖြစ်ရမယ့်အပြင် မိမိဘာသာသီးခြားရပ်တည်နိုင်တဲ့အဖွဲ့အစည်းဖြစ်ရပါမယ်။ တာဝန်ခံမှု၊ တာဝန်ယူမှု၊ အပြည့်အဝရှိရပါမယ်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာ ချင်းပြည်နယ်အတွင်း ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားစကားဝန်ကြီးဌာနတို့မှ အပ်နှံခဲ့တဲ့ အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းတွေ Quality Control လုပ်ငန်းဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စိတ်ပါဝင်စားတဲ့ကုမ္ပဏီတွေကို တင်ဒါခေါ်ယူခဲ့တာ တွေ့ရပါတယ်။ Third Party စနစ်နဲ့ အရည်အသွေးစိစစ်မယ့် မှန်ကန်တဲ့ခြေလှမ်းတစ်ရပ်မို့ ကြိုဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာက Third Party အဖွဲ့အစည်းတွေက မှန်ကန်စွာမဆောင်ရွက်ခဲ့ရင် အဆိုရှင်ပြောကြားခဲ့တဲ့ ထိန်းကျောင်းတည့်မတ်အရေးယူခွင့်ရှိတဲ့ Building Control Authority အဖွဲ့အစည်းဟာ လုံးဝအမှီအခိုနှင့် ပတ်သက်မှုကင်းတဲ့ လုပ်ပိုင်ခွင့်အပြည့်အဝရှိတဲ့ အဖွဲ့အစည်းဖြစ်ဖို့လိုအပ်ပြီး အဆိုရှင်ညွှန်းဆိုခဲ့တဲ့ အင်ဂျင်နီယာကောင်စီသည် အသင့်လျော်ဆုံးဖြစ်ပါတယ်။ သို့ပေမဲ့ အင်ဂျင်နီယာကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာနကို မှီခိုရပ်တည်နေတာဖြစ်လို့ ဒါကို အရင်ဆုံးပြင်ဆင်ရပါမယ်။ နိုင်ငံတကာမှာဆိုရင် ဒီအဖွဲ့အစည်းတွေဟာ စီမံ/ဘဏ္ဍာဝန်ကြီးဌာနအောက်ကဖြစ်ပြီး တည်ဆောက်ရေးနှင့်ပတ်သက်တဲ့ ဝန်ကြီးဌာနများအားလုံးနှင့် လုံးဝမမှီခိုပါဘူး။ ပတ်သက်မှုကင်းရှင်းရတယ်ဆိုတာ အလွန်အရေးကြီးတဲ့အတွက် အလေးထားအကြံပြု ဆွေးနွေးတိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုးအောင်(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင် ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် ဖြစ်ပါတယ်။ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်ကိုက အစိုးရရဲ့တည်ဆောက်ရေး လုပ်ငန်းများ ကောင်းမွန်စေဖို့ ရည်ရွယ်ချက်ဖြင့် ဒီအဆိုကိုတင်သွင်းကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် အစိုးရရဲ့တည်ဆောက်ရေးလုပ်ငန်းတိုင်းအတွက် ဝန်ကြီးဌာနကပဲတည်ဆောက် တည်ဆောက်၊ ကုမ္ပဏီကိုတင်ဒါပေးပြီးတည်ဆောက်တည်ဆောက် လုပ်ငန်းတိုင်းအတွက် Third Party ရှိကိုရှိရပါမယ်။ အစိုးရကကိုယ်တိုင်တည်ဆောက်တာပဲ Internal QC ရှိတာပဲ Third Party လိုလို့လားလို့ မေးစရာရှိပါတယ်။ လိုကိုလိုပါတယ်။ အရည်အသွေးစံချိန်စံညွှန်းမမီလို့ဖြစ်ပါတယ်။ တည်ဆောက်ကြတဲ့ လူတော်တော်များများဟာ လက်အံ့သေဆဲ ခေါက်ရိုးကျိုးနေဆဲလို့ပါ။ အရည်အသွေး ကောင်းမွန်စေရန် တည်ဆောက်ရေးလုပ်ငန်းတိုင်းအတွက် Third Party အားလုံး လိုအပ်ပါတယ်။ ဆောက်လုပ်ရေးလောကတွင် ပစ္စည်းအရည်အသွေးပြည့်မီရန်အတွက် Third Party မှ တည်ဆောက်ချိန်တစ်ခုတည်း စောင့်ကြည့်နေလို့မရပါဘူး။ မူလအစဖြစ်တဲ့ စီမံကိန်းစတင်ရေးဆွဲစဉ် ပါဝင်အကြံပြုရမှာဖြစ်ပါတယ်။ သို့မှသာ တည်ဆောက်မယ့်နေရာ၏ မြေအနေအထားကို လေ့လာတိုင်းတာပြီး အောက်ခံ Foundation အတွက် ဘယ်လောက်ဆိုရင် သင့်တော်မယ်ဆိုတာသိရမှာပါ။ ထိုလုပ်ငန်းရဲ့ ဒီဇိုင်းစိတ်ချရပြီဆိုမှ BQ ရေးဆွဲ၊ ဒေသပေါက်စျေးထည့်ပြီး Estimate တွက်ခါ ဘတ်ဂျက်ခွင့်ပြုရန် ပြည်ထောင်စုလွှတ်တော်ကို အဆိုပြုရမှာဖြစ်ပါတယ်။ ဒေသနှင့်ကိုက်ညီတဲ့ လုပ်ငန်းရဲ့ဒီဇိုင်းက အရေးကြီးဆုံးဖြစ်ပါတယ်။ အဆောက်အဦဒီဇိုင်းနှင့်ပတ်သက်ပြီး နည်းနည်းတင်ပြပါရစေ။ မတ္တရာမြို့နယ်မှာ ဝန်ကြီးဌာနတစ်ခုရဲ့အဆောက်အဦတစ်ခုပါ။ ဘတ်ဂျက်ထဲမှာပါလို့ ပြည်သူတွေက ဝမ်းသာနေတာပါ။ တည်ဆောက်ချိန်မှာ ခြေနင်းကြမ်းခင်းအမြင့် ဘယ်လောက်ထားမှာလဲလို့မေးကြည့်တဲ့အခါ ဒီဇိုင်းမှာပါတဲ့အတိုင်း ၃ ပေပဲထားမှာလို့ပြန်လည်ပြောပြပါတယ်။ အဲဒီအမြင့်နဲ့ဆိုရင်မဖြစ်နိုင်ဘူး။ တည်ဆောက်မယ့်နေရာက နှစ်စဉ်နှစ်တိုင်းမြစ်ရေ ၅ ပေလောက်တက်ပါတယ်။ ၁၀ ပေလောက်မြင့်မှ ရမယ်လို့ ဒေသခံများက အကြံပြုပေမဲ့လက်မခံပါဘူး။ ဒီဇိုင်းအတိုင်း တည်ဆောက်မှာပဲလို့ပြောပြီး အမြန်တည်ဆောက်နေလို့ ကိုယ်စားလှယ်ကအကြောင်းကြား ကိုယ်စားလှယ်ကစိစစ်ပြီး ဝန်ကြီးဌာနကို တင်ပြထားရာ အခုထိပြီးစီးအောင် ဆောက်နိုင်ခြင်းမရှိသေးပါဘူး။ အမှန်တော့ဒီဇိုင်းရေးဆွဲစဉ်ကတည်းက ကိုယ်စားလှယ်များ၊ ဒေသခံများနှင့်တိုင်ပင်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဒီဇိုင်းထုတ်ပြီး ဆောင်ရွက်တဲ့ တပ်ကုန်းအမှတ်(၃)လမ်းပါ။ မူလရှိပြီးသား ကွန်ကရစ်လမ်းပေါ် ကျောက်ကြီးခင်းပြီး ကတ္တရာခင်းခြင်းကိစ္စပါ။ ဒီဇိုင်းကိုကမှားနေတာပါ။ လမ်းဒီဇိုင်းကျွမ်းကျင်ပညာရှင်များကို မေးကြည့်တော့ လုံးဝမဖြစ်နိုင်ပါဘူးလို့အဆိုပြုကြပါတယ်။ ကားလမ်းပေါ်ဆိုင်ကယ်စီးရတာ မြင်းစီးနေရသလိုပဲဟု ဒေသခံပြည်သူများကတိုင်ကြားချက်ကြောင့် ခင်းလည်းပြီးရော သွားရောက်စစ်ဆေးတဲ့အခါ ဒေသခံပြည်သူများ ပြောတဲ့အတိုင်းပါပဲ တော်တော်ကိုဆိုးပါတယ်။ တွေ့ရှိချက်တွေကို သက်ဆိုင်ရာကို တင်ပြတော့

ပြန်လည်ပြုပြင်နေတာ အခုလည်းပြုပြင်ဆဲပါပဲ။ အခုထက်ထိလည်း မကောင်းသေးပါဘူး။ ဒီဇိုင်းများလို့ဖြစ်ရတဲ့အကြောင်းအရင်းတွေပါ။ သုံးစွဲရတဲ့ပစ္စည်း ဘယ်လောက်ထည့်ထည့်၊ ဘယ်လောက်ကြပ်မတ်မတ် ဒီဇိုင်းသာမှားနေခဲ့ရင်တော့ မကောင်းနိုင်ပါဘူးခင်ဗျား။ နောက်တစ်ခုကတော့ တည်ဆောက်တဲ့အချိန်လုံလောက်မှုပါ။ အဆောက်အဦဖြစ်ဖြစ်၊ လမ်းဖြစ်ဖြစ်တည်ဆောက်ရန် လုံလောက်တဲ့အချိန်ရဖို့လိုအပ်ပါတယ်။ ယခုနှစ်ဆိုရင် တင်ဒါစည်းမျဉ်းစည်းကမ်းများနဲ့ ကိုက်ညီအောင်ဆိုပြီး တင်ဒါစိစစ်နေကြတာ အခုထိစတင်မတည်ဆောက်နိုင်သေးတဲ့ အဆောက်အဦပေါင်းမြောက်မြားစွာရှိနေဆဲပါ။ လက်ကျန် ၅ လနှင့် အရည်အသွေးမီ အဆောက်အဦ ဘယ်သူတာဝန်ခံပြီး တည်ဆောက်နိုင်မလဲဆိုတာစဉ်းစားစရာပါ။ ကျန်တဲ့အချိန်နဲ့ အမြန်ဆောင်ရွက်လိုက်ရင်တော့ တစ်နှစ်အတွင်းပျက်သွားတဲ့လမ်းတွေ၊ တည်ဆောက်ပြီးမကြာခင် အန္တရာယ်ရှိကျောင်းဆောင်တွေ တွေ့ရှိလာရအုံးမှာပါပဲ။ နောက်တစ်ခုကတော့ Third Party များရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းပါ။ မိမိမြို့နယ်အတွင်း တည်ဆောက်မယ့် ဝန်ကြီးဌာနတည်ဆောက်ရေးလုပ်ငန်းများကို အစိုးရနှင့်ပြည်သူများက ယုံကြည်လို့အပ်နှံတာဝန်ပေးထားတဲ့ Third Party ကတာဝန်ခံရပါမယ်။ အမြဲစောင့်ကြည့်ကြပ်မတ်နေရပါမယ်။ အဆောက်အဦအရည်အသွေးပိုင်းအားနည်းလို့ တစ်ခုခုမှားတာနဲ့ တည်ဆောက်သူကုမ္ပဏီတစ်ခုတည်းအရေးယူဖို့မလုပ်ဘဲနဲ့ Third Party ကိုရော၊ တည်ဆောက်တဲ့အဖွဲ့အစည်းကုမ္ပဏီတွေကိုရော တာဝန်ယူတည်ဆောက်တဲ့အဖွဲ့အစည်းရဲ့တာဝန်ခံအင်ဂျင်နီယာကိုပါ အရေးယူသင့်ပါတယ်။ အရေးယူတဲ့နေရာမှာလည်း တိကျပြီး တစ်နိုင်ငံလုံးကိုက်ညီတဲ့ အရေးယူမှုမျိုးကို ဆောင်ရွက်သင့်ပါတယ်။ အင်ဂျင်နီယာကောင်စီကလည်း မိမိတို့တာဝန်ယူထားတဲ့ RSEPE များရဲ့ တာဝန်ခံမှုပေါ့လျှော့လို့ ဖြစ်လာတဲ့ပြဿနာတွေကို မိမိတို့တာဝန်ယူထားတဲ့ အင်ဂျင်နီယာများကိုစစ်ဆေးပြီး အရေးယူသင့်ပါတယ်။ အင်ဂျင်နီယာကောင်စီမှာလည်း ဥပဒေများပြဋ္ဌာန်း၍ အိမ်ရာများကို၊ လုပ်ပိုင်ခွင့်များကို ကန့်သတ်နေမယ့်အစား ခိုင်မာကျစ်လျစ်အားကောင်းမယ့် အဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ အိမ်ရာလုပ်ငန်းများကို လိုအပ်သလို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ဒဏ်ရိုက်ခြင်း၊ အရေးယူခြင်း အများပြည်သူ၏အကျိုးကိုရှေးရှု၍ ကာကွယ်သင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့တော့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ပုဂ္ဂိုလ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင် ဖြစ်ပါတယ်။ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နားလည်တာကတော့ Third Party ဆိုတာ အမှန်ကတော့ အာမခံကုမ္ပဏီသဘောပါပဲ။ ကျွန်တော်တို့ အပြင်မှာတွေ့နေတာကတော့ ကုန်းလမ်းတို့၊ ရေလမ်းတို့၊ မြေလမ်းတို့ လမ်းကြောင်းတွေမှာ အာမခံဆိုတာရှိပါတယ်။ အာမခံကပေးတဲ့လူကလည်းပဲ ဒီလမ်းကြောင်းသည် ဒီယာဉ်နဲ့သင့်တော်မသင့်တော် သူစစ်ဆေးပါတယ်။ ဒီကားကိုလည်း သူက စစ်ဆေးပါတယ်။ ရထားကိုလည်း စစ်ဆေးပါတယ်။ လေယာဉ်လည်းစစ်ဆေးပါတယ်။ ခရီးသည်တွေလည်း သူက တကယ်ပေးနိုင်တဲ့လူမှ အာမခံပေးတာပါ။ တကယ်လို့ဖြစ်ခဲ့ရင်လည်းပဲ အာမခံကုမ္ပဏီက

သူဆိုထားတဲ့အတိုင်း အလျော်ပေးရပါတယ်။ ကျွန်တော်ကတော့ ဒီလိုပဲ နားလည်ပါတယ်။ အခုလည်းပဲ ကျွန်တော်တို့တွေဟာ ဆောက်လုပ်ရေးလုပ်မယ့် ကုမ္ပဏီ၊ တင်ဒါဆောက်မယ့်အဖွဲ့အစည်းနဲ့ အဲဒီနှစ်ခု ကြားမှာ ကျွန်တော်တို့က အာမခံကုမ္ပဏီကနေပြီးတော့ ဝင်လုပ်သင့်ပါတယ်။ အဲဒီနေ့က ကျွန်တော် ဆိုချင်တာက တာဝန်ယူတဲ့အဖွဲ့သည် ဒီလုပ်ငန်းကို ကျွမ်းကျင်ရပါမယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီငွေ တွေက နိုင်ငံတော်အစိုးရကနေပေးတဲ့ငွေတွေဖြစ်နေလို့ပါ။ အကျိုးရှိစွာအသုံးပြုဖို့ဆိုရင် မှားရင် တာဝန်ယူရမယ်။ သွားစစ်ဆေးရုံမျှနဲ့တော့ ကျွန်တော်တို့က သူတို့ကို အဲဒီလိုမျိုးတော့ တာဝန်တော့ မပေးနိုင်ပါဘူး။ အာမခံလုပ်ငန်းစပြီးတော့ လုပ်တာနဲ့ကို တည်ဆောက်ရေးလုပ်ငန်းစတင်တာနဲ့ကို ကျွန်တော်တို့က ခုနက Third Party သည် လုပ်ငန်းစတင်တာနဲ့ကိုက သူက စစ်ဆေးနေရမှာပါ။ သုံးစွဲတဲ့ပစ္စည်းအရည်အသွေး၊ အရွယ်အစား၊ အရည်အချင်း၊ အချိုးအဆ၊ အတိမ်အနက်၊ အနိမ့်အမြင့် အစရှိတဲ့ QC, QA စတာတွေ လုပ်ငန်းစတင်ကတည်းကိုက ကျွန်တော်တို့က စစ်ဆေးနေဖို့လိုပါတယ်။ လုပ်ငန်းပြီးစီးတဲ့သူက ထိန်းသိမ်းကြပ်မတ်စိစစ်ပေးနေရပါမယ်။ လုပ်ငန်းစဉ်တစ်ဆင့်ချင်းအလိုက်ကို စောင့်ကြည့်ရမယ်။ ပြီးစီးအောင်ဆောင်ရွက်ပေးရပါမယ်။ ပြီးပြီဆိုရင် သူက စံချိန်စံညွှန်းနဲ့ပြည့်မီ ကြောင်းကို လက်မှတ်ထုတ်ပေးရမှာပါ။ အဲဒီလို လက်မှတ်ထုတ်ပေးရဖို့အတွက်ကို လိုအပ်တဲ့ တိုင်းတာ စစ်ဆေးတဲ့ ပစ္စည်းကိရိယာလည်း သူ့မှာရှိရပါမယ်။ ထို့နည်းအတူပဲ ဆောက်လုပ်ရေးလုပ်ငန်းကို ကျွမ်းကျင်တဲ့လူတွေ၊ ပစ္စည်းကိရိယာတွေနဲ့ တိတိကျကျလုပ်ကိုင်ဖို့ကြပ်မတ်ပေးရမှာဖြစ်ပါတယ်။ ဒီလိုမျိုးမလုပ်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့က ထောက်ခံချက်ပေးစရာမလိုပါဘူး။ ထောက်ခံချက်ပေး စရာမလိုလို့လည်းပဲ ကျွန်တော်တို့ အာမခံပေးစရာမလိုဘူး။ ကျွန်တော်တို့ ဒီအဆောက်အဦကို ကျွန်တော်တို့ လက်မခံရုံပဲရှိတယ်။ တကယ်လို့ ကျွန်တော်တို့က Third Party ထောက်ခံချက် ပေးလိုက်ပြီးမှ တစ်စုံတစ်ခုပြဿနာပေါ်ခဲ့မယ်ဆိုလို့ရှိရင်တော့ သူတောင်အာမခံတာပဲ သူအာမခံတဲ့ ကုမ္ပဏီသည် သူပြန်လျော်ပေးရုံပဲရှိတယ်။ အာမခံသဘောက ဒီလိုပါပဲ။ ဒါကြောင့်လည်းပဲ အာမခံ လောကသည် ငွေရေးကြေးရေးအရ၊ စားရင်းအင်းအရ၊ လုပ်ငန်းအရည်အသွေးအရ ကျွမ်းကျင်တဲ့ လူတွေထည့်သွင်းဖွဲ့စည်းသင့်တယ်လို့ထင်ပါတယ်။ ဒီလိုလုပ်ဖို့အတွက်ဆိုလို့ရှိရင် ဘယ်အဖွဲ့အစည်းမှ လုပ်ရမယ်လို့တော့ တိကျမသတ်မှတ်ဘဲနဲ့ အရည်အသွေးတွေ၊ အရည်အချင်းနဲ့ပြည့်စုံမယ့် သေချာ ရေရာတဲ့အဖွဲ့ဖြစ်မယ်ဆိုလို့ရှိရင် Third Party အဖြစ်မှတ်ပုံတင်ခွင့်ပြုဖို့လည်း စဉ်းစားထားသင့်တယ် လို့ အကြံပြုရင်းနဲ့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ သီပေါ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုမှာ နိုင်ငံ တစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများ Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဖြစ်ပါတယ်။ အဆိုရဲ့ ရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးမီစေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေအလေအလွင့် မရှိစေရန်ဆိုတဲ့ အချက်နှစ်ချက်ပါရှိတဲ့အပြင် Third Party က

စစ်ဆေးနိုင်မှုအခြေအနေများ၊ လွတ်လပ်စွာ Professional အဖွဲ့အစည်းအနေဖြင့် ရပ်တည်နိုင်မှု၊ အာမခံနိုင်တဲ့ ငွေကြေးပိုင်ဆိုင်မှုဆောင်ရန်၊ ရှောင်ရန်သတ်မှတ်မှုများ၊ ရသင့်ရထိုက်တဲ့ ငွေကြေး သတ်မှတ်မှု ပုံစံကန်ထရိုင်တာများနှင့် အကျိုးစီးပွားကင်းရှင်းမှုစတဲ့ အချက်အလက်များစွာကို တင်ပြသွားပါတယ်။ ဆောက်လုပ်ရေးကဏ္ဍအတွက် ယနေ့ခေတ်စနစ်အချိန်အခါအရ အခြေအနေအရ အင်မတန်မှ ကောင်းမွန်သင့်မြတ်တဲ့ အဆိုဖြစ်ပါတယ်။ သို့သော်လည်း မှန်ကန်တဲ့စနစ် မဖြစ်မှာကိုပဲ စိုးရိမ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းများ၏ အရည်အသွေးများနှင့်ပတ်သက်ပြီး ပြောစရာတွေက များပြားလှပါတယ်။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်မှာပါတဲ့ ပြည်သူ့ဘဏ္ဍာငွေအလေအလွင့်မရှိစေဖို့ဆိုရင် ဆောက်လုပ်ရေးကဏ္ဍမှာ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ လုပ်ငန်းရရှိဖို့အတွက် ကိုယ်ပျောက်လက်ဆောင်သဖွယ်အသုံးပြုလိုက်ကြရတဲ့ ငွေကြေးပမာဏတွေက ထည့်သွင်းစဉ်းစားစရာတစ်ခု ဖြစ်ပါတယ်။ ယနေ့ သတင်းမီဒီယာတွေမှာ ဖော်ပြတဲ့ သတင်းတွေအရ ဆောက်လုပ်ရေးလုပ်ငန်းတွေရရှိဖို့အတွက် ဈေးကွက်ကြီးတစ်ခုသဖွယ် ဖန်တီးဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ထည့်သွင်းစဉ်းစားကြဖို့ ဖြစ်ပါတယ်။ ဘယ်လုပ်ငန်းရှင်ကမှ သူတို့လုပ်ငန်းရရှိဖို့အတွက် ပေးလိုက်ကြရတဲ့ငွေကြေးပမာဏကို ထည့်မတွက်ဘဲ အရှုံးခံပြီးအလုပ်လုပ်ကြမှာ မဟုတ်လို့ပါ။ နောက်ဆုံးမှာ နိုင်ငံတော်နှင့်ပြည်သူတွေကပဲ ထိခိုက်နစ်နာကြရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ သူ့အပိုင်းနှင့်သူ တာဝန်အသီးသီးယူနေကြတဲ့ တာဝန်ယူမှုတွေအားလုံးကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေတဲ့စနစ်မျိုးတွေကို ပြဋ္ဌာန်းကြပါမယ်။ သူ့ကဏ္ဍနဲ့သူ တာဝန်ယူမှု၊ တာဝန်ခံမှုအပြင် မိမိလုပ်ငန်းရဲ့အရည်အသွေးကို အပြည့်အဝအာမခံစေတဲ့စနစ်၊ တာဝန်ယူစေတဲ့စနစ်တွေကို ပြဋ္ဌာန်းကြရပါမယ်။ အသုံးပြုလိုက်တဲ့ပစ္စည်းတွေအပေါ် အရည်အသွေးအာမခံမှုရှိ/မရှိ၊ အရည်အသွေးအဆင့်မီ/မမီစတာတွေကို စစ်ဆေးနိုင်စွမ်းရှိရပါမယ်။ စစ်ဆေးတွေ့ရှိမှုတွေအတွက် အများပြည်သူကို သိရှိနိုင်ခွင့်ရှိစေရပါမယ်။ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေရဲ့ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ပစ္စည်းအရည်အသွေးညံ့ဖျင်းမှုကြောင့်ဖြစ်စေ၊ ထိခိုက်နစ်နာရတဲ့ ပြည်သူလူထုအပေါ် တာဝန်ခံစေရပါမယ်။ တာဝန်ယူစေရပါမယ်။ ဒီလိုလုပ်ငန်းအရည်အသွေးတွေနဲ့ ပတ်သက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုတွေကိုလည်း Third Party များက မှန်မှန်ကန်ကန်စစ်ဆေးဖော်ထုတ်ပေးနိုင်ရပါမယ်။ မှန်ကန်တဲ့ ဖွဲ့စည်းရပ်တည်မှုတွေရှိတဲ့ Third Party တွေ ဖြစ်ပေါ်ဖို့ အသိအမှတ်ပြုဖွဲ့စည်းခွင့်ပြုပြီးတဲ့ နိုင်ငံတော်အစိုးရကလည်း တာဝန်ခံ၊ တာဝန်ယူရမယ့် အပိုင်းတွေရှိမှာ ဖြစ်ပါတယ်။ အများပြည်သူ ယုံကြည်မှုရှိစေမည့် Third Party တွေ မှန်မှန်ကန်ကန် ပေါ်ပေါက်လာစေဖို့ ဦးတည်ရပါမယ်။ Third Party တွေနဲ့ Owner၊ Contractor တို့အကြား အကျိုးစီးပွားပတ်သက်မှုလုံးဝကင်း ရှင်းရမယ်ဆိုတဲ့အချက်နှင့်ပတ်သက်ပြီး လက်ရှိအခြေအနေမှာ လာမယ့် ဘဏ္ဍာနှစ်အတွက် ရှမ်း ပြည်နယ်တစ်ခုလုံးရဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကို Third Party အနေနဲ့ စစ်ဆေးနိုင်ဖို့ ကုမ္ပဏီကြီး တစ်ခုက တင်ဒါအောင်မြင်ထားတယ်လို့ ကြားသိရပါတယ်။ အဲဒီ Third Party ကုမ္ပဏီတွေမှာပါဝင်တဲ့ ပညာရှင်တွေသည် Owner၊ Contractor တွေနဲ့ အကျိုးစီးပွားပတ်သက်မှုတွေ ရှိနေခဲ့မယ်ဆိုရင် ကိုယ့်အလုပ်ကိုကိုယ်ပြန်စစ်သလိုသာဖြစ်တဲ့အပြင် အကျိုးစီးပွားပတ်သက်သူတွေအချင်းချင်းအကြား လက်ဝါးရိုက်တဲ့စနစ် ထပ်ပေါ်လာပြီး ပြည်သူ့ဘဏ္ဍာငွေတွေ ပိုမိုကုန်ကျလာကာ

ပြည်သူလူထုအတွက် ပိုပြီးဝန်ထုတ်ဝန်ပိုးဖြစ်လာနိုင်တာ ဖြစ်ပါတယ်။ အဆိုပါ Third Party ကုမ္ပဏီက ပညာရှင်အချို့၊ လုပ်ငန်းရှင်တွေဖြစ်တယ်လို့ ကြားသိရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ Third Party နဲ့ လုပ်ငန်းအကျိုးစီးပွားပတ်သက်နေမှုကတစ်ဆင့် အဂတိလိုက်စားမှုတွေ ထပ်ပေါ်လာနိုင်ပါသေးတယ်။ Third Party ရဲ့ ရည်ရွယ်ချက်သည် ခေတ်အဆက်ဆက်က ကျင့်သုံးခဲ့တဲ့ ကိုယ်တိုင်တွက်၊ ကိုယ်တိုင်စိစစ်၊ ကိုယ်တိုင် ဘတ်ဂျက်ပြင်ဆင်၊ ကိုယ်တိုင်တည်ဆောက်၊ ကိုယ်တိုင်အရည်အသွေး စစ်ဆေးတဲ့စနစ်ရဲ့အားနည်းချက်တွေကြောင့် အဂတိလိုက်စားမှုတွေ၊ ငွေးကြေးလာဘ်လာဘယူမှု တစ်သီကြီးတွေဖြစ်ပေါ်လာမှုကနေတစ်ဆင့် ဘဏ္ဍာငွေကြေးလေလွင့်ဆုံးရှုံးမှုတွေကို ကုစားနိုင်ဖို့ ဖြစ်ပါတယ်။ မှန်ကန်တဲ့ကျင့်သုံးမှု စနစ်မဖြစ်ခဲ့ရင်လည်း Third Party တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေ တမင်သက်သက် ထပ်ဖွင့်ပေးသလိုသာဖြစ်ပြီး ပြည်သူ့ဘဏ္ဍာငွေတွေ ထပ်မံပိုမိုကုန်ကျစေတဲ့စနစ်သာ ဖြစ်ပေါ်လာပါ တယ်။ ပြည်သူလူထုအပေါ် ဗူးလေးရာဖရုံဆင့်စနစ်မျိုး ဖြစ်ပေါ်လာစေနိုင်မှာကိုလည်း သတိထားသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာကတော့ ပြည်သူ့ဘဏ္ဍာငွေအပေါ် အကျိုးအမြတ်ရရှိခံစားနေကြရတဲ့ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွေနဲ့ ပတ်သက်ပြီး ပြည်သူလူထုအပေါ် ပွင့်လင်းမြင်သာမှုရှိစေဖို့နဲ့ အလွဲသုံးစားလုပ်မှုတွေ၊ လုပ်ငန်းရှင်များရဲ့အရည်အသွေးအပေါ် အာမခံမှုတွေ၊ ပြည်သူလူထုနစ်နာဆုံးရှုံးမှုတွေအပေါ် တာဝန်ယူဖြေရှင်းနိုင်စေဖို့အတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေကို ယခုထက်ပိုမို တိကျမှန်ကန်စွာ စစ်ဆေးထိန်းကျောင်းနိုင်စေမယ့် စနစ်တစ်ခု လိုအပ်ပါတယ်။ ယင်းလိုအပ်မှုကို အမည်ခံသက်သက်မဟုတ်ဘဲ ပြည်သူလူထုအမှန်တကယ် ယုံကြည်ကိုးစားနိုင်တဲ့ Third Party စနစ်မှန်ကန်စွာ ကျင့်သုံးနိုင်စေဖို့ တင်သွင်းတဲ့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးတော့ နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရတစ်ရပ်ဟာ နိုင်ငံတော်သယံဇာတကရတဲ့ငွေတွေ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကရတဲ့ငွေတွေ၊ ပြည်သူ့ဘဏ္ဍာအခွန်ငွေတွေနဲ့ ပေါင်းစပ်ပြီးတော့မှ နိုင်ငံ့ဘဏ္ဍာအဖြစ် နိုင်ငံ့ရဲ့ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရပါတယ်။ နိုင်ငံ့ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ခွင့်ပြု ငွေလုံးငွေရင်းရဲ့ ၄၀ ရာခိုင်နှုန်းကျော်ဟာ နိုင်ငံ့ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ သုံးမယ်လို့သိရပါတယ်။ နိုင်ငံတော်ဘဏ္ဍာတွေကို မိမိကိုယ်ကျိုးစီးပွားနဲ့ အသိစိတ်ကိုဘက်လိုက်ပြီးတော့ သုံးစွဲဆောင်ရွက်ခဲ့တာတွေ၊ အဂတိတရားတွေ၊ မသမာမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေ၊ စံချိန်စံညွှန်းမမီဘဲနဲ့ ကူးဆောင်နောက်ပြတ်

မူကြမ်း

ဒီအကျိုးသံသရာလည်နေတဲ့အကြောင်းအရာများကို ယနေ့လွှတ်တော်ထဲမှာလည်း ဆွေးနွေးနေရဆဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကိုယ်တိုင် မိမိတို့ ဒီဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ ကိုယ်စားလှယ်များ ကို ဒီဌာနဆိုင်ရာများရဲ့ လုပ်ငန်းဆောင်တာများကို ထဲထဲဝင်ဝင်လေ့လာစောင့်ကြည့်ကြဖို့ မှာကြားတဲ့ အတွက်လည်း မိမိတို့ဟာ ပိုမိုကြိုးစားလုပ်ဆောင်မယ်ဖို့လည်း အားလုံးရဲ့စိတ်ထဲမှာ မှတ်ယူထားကြ ပါတယ်။ သို့ပေမဲ့လည်း ဒီအခြေအနေဟာ အလုံးစုံပြီးမြောက်နိုင်အောင် ဆောင်ရွက်နိုင်မှာ မဟုတ် ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်စားလှယ်တစ်ဦးချင်းဟာ မိမိသင်ယူခဲ့ရတဲ့ ပညာ၊ လေ့လာ ဆည်းပူးခဲ့တဲ့ အတတ်ပညာတွေနဲ့ ဒီနည်းပညာပိုင်းဆိုင်ရာတွေ၊ အရည်အသွေးစစ်ဆေးပိုင်း ဆိုင်ရာတွေ၊ စံချိန်စံညွှန်း ပိုင်းဆိုင်ရာတွေကို ပြည့်စုံကုန်လုံအောင် ကျွန်တော်တို့စိစစ်နိုင်မှာမို့လို့ပဲ ဖြစ်ပါတယ်။ ဥပမာပြောရမယ်ဆိုရင် ဒီအင်ဂျင်နီယာဘွဲ့ BE ရတာချင်းအတူတူ ကျွန်တော်တို့ Civil နဲ့ Chemical နဲ့ Mechanical နဲ့သူ့ရဲ့ ဘာသာရပ်အလိုက် ကျွမ်းကျင်မှုကွာခြားနိုင်လို့ပဲ ဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းပြီးတော့ လွှတ်တော်ထဲမှာဆွေးနွေးမယ်ဆိုတဲ့ နောက်ပိုင်းမှာလည်း ပြည်ထောင်စုဒုတိယ ဝန်ကြီးကနေပြီးတော့ လက်ရှိ ရှေးကဆောင်ရွက်ခဲ့တဲ့ ဆောက်လုပ်ရေးလုပ်ငန်း နည်းစနစ်အလွဲ အမှားတွေကို ပြည်ထောင်စုဝန်ကြီးကနေ သိပြီးတော့ ဒါနဲ့ပတ်သက်လို့ Third Party စနစ်ကို ဖော်ဆောင်ဖို့ကြိုးစားနေတယ်။ တိုင်းနှင့်ပြည်နယ်အသီးသီးကိုလည်း ဒီညွှန်ကြားချက်တွေ ထွက်ပြီးတော့ ဆောင်ရွက်နေပါတယ်လို့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ပြောကြားသွား တာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ သို့ပေမဲ့လည်း လက်တွေ့မြေပြင်အခြေအနေမှာ လက်ရှိမူလ အတိုင်း ဆောင်ရွက်နေတာနဲ့မထူးဘူးဆိုတာတွေကို Power Point သုံးစွဲပြီး တင်ပြခွင့်ပြုပါခင်ဗျား။

ဒါကတော့ မိမိမြို့နယ်ထဲက နှစ်ထပ်ကျောင်းဆောင်အဆောက်အဦလုပ်ငန်းဖြစ်ပါတယ်။ ပြီးခါ နီးထိ ဆောင်ရွက်ပြီးခါမှ Drawing နှင့်အညီမလုပ်လို့ ပြန်ဖြုတ်ခိုင်းတာ အစကနေပြီးတော့ ပြန်ပြီး လုပ်ဆောင်ခဲ့ရပါတယ်။ ဒီပုံကတော့ ရေကြည်မြို့နယ်အတွင်းက ကတ္တရာလမ်း တစ်ဖက်သုံးပေ ချဲ့ခြင်း ခင်းရန်ပုံထားတဲ့ တူးဖိုးကျောက်ပုံတွေဖြစ်ပါတယ်။ လမ်းဖြတ်သွားရင်းနဲ့တွေ့ရတဲ့အခါမှာ ဒီလောက်ထိ ညံ့တဲ့ကျောက်တွေကို မသုံးဖို့နဲ့ကောင်းတဲ့ကျောက်များ ပြောင်းလဲသုံးဖို့ မှာခဲ့ရပါတယ်။ အဲဒီလမ်းမှာပဲ ပြီးခဲ့တဲ့ ရက်ပြန်ရင်းနဲ့တွေ့တာပါ။ ကောင်းတဲ့ကျောက်တော့လဲသုံးပါတယ်။ ၁၄ လက်မ ခင်းရမယ့် နေရာမှာ ၁ ပေ၊ ၁ပေခွဲရှိတဲ့ ကျောက်ကြီးတွေကို အောက်ကထားခင်းပြီးတော့ အပေါ်က ကျောက်သေး လေးတွေနဲ့ ဖုံးထားကာတွေ့လို့ ရေကြည်လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ သွားရောက်ပြီးတော့မှ ကျောက်တွေကို ပြန်ဖော်၊ ပြန်ခွဲခိုင်းပြီးတော့ သူ့ဒီဇိုင်းအတိုင်းဖြစ်အောင်လုပ်ခိုင်းတဲ့အခါမှာ ဒီဘက်က ပုံစံမျိုး ပြန်ခင်းပေးပါတယ်။ ဒီပုံကတော့ မိမိမြို့နယ်ထဲက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပေ ၄၀ တံတားကို သိန်း ၄၀၀ နဲ့တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ သိန်း ၄၀၀ ပြည့်အောင်မပါဝင်တဲ့ လုပ်ငန်း တွေကို ဖော်ပြထားသလို ပါတဲ့လုပ်ငန်းတွေအပေါ်မှာလည်း ပိုမိုတင်ပြထားတာ တွေ့ရပါတယ်။ ဘေးကအလိုလိုဖြစ်နေတဲ့ လမ်းမှာ လမ်းလွှဲဆိုပြီးတော့ ၅ သိန်း၊ တံတားဟောင်းဖြုတ်သိမ်းခဆိုပြီးတော့ ၁၀ သိန်း၊ အုတ်တစ်လုံးမှမသုံးဘဲနဲ့ အုတ်စီးခြင်းလုပ်ငန်းဆိုပြီးတော့ ၂၇ သိန်းခွဲပြသလို ပါတဲ့ လုပ်ငန်း တစ်ရပ်ခြင်းအပေါ်မှာလည်း ပုံမှန်မြင်နေရတဲ့ အဆောက်အဦးကို သိန်း ၂၀ ပြပါတယ်။ တံတား ဆေးသုတ်ခဆိုပြီးတော့ ၁၈ သိန်း၊ လက်နှိပ်တုံကင်တစ်လုံးကို ၁၆ သိန်း၊ ပစ္စည်းသယ်ယူစရိတ်ဆိုပြီး တော့ သိန်း ၂၀ စတဲ့ခေါင်းစဉ်အမျိုးမျိုးတပ်ပြီးတော့ ဖော်ပြထားတာတွေလည်း တွေ့ရပါတယ်။

ဒါကတော့ မိမိမြို့နယ်ထဲက ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ ပေ ၈၀ RC ဘိုးပိုင်ကွန်ကရစ်တံတားကို ဒီ ၄၅၆ သိန်းနဲ့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီတံတားက ဒီလောက်ပဲကျတာမို့လို့ ပြီးခဲ့တဲ့ ပေ ၄၀ တံတားဟာ သိန်း ၄၀၀ ဘာကြောင့်ကျသလဲလို့ ဆန်းစစ်ရင်းနဲ့တွေ့တဲ့ အခြေအနေပေါ်မှာ မိမိ ဒီ အကြောင်းအရာများကို သိရှိရခြင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ အကြောင်းအရာများဟာ လတ်တလောဖြစ်ပေါ်နေတဲ့ အကြောင်းအရာများဖြစ်ပြီးတော့ အချိန်အကန့်အသတ်အရ အနည်းငယ် သာ တင်ပြနိုင်ခြင်းဖြစ်ပြီးတော့ မည်သည့် BQ၊ မည်သည့်တီကော်၊ မည်သည့် Third Party မှ သိရှိ ဆောင်ရွက်တာတွေကို တစ်ခုမှမဟုတ်ဘဲနဲ့ ပြည်သူများနဲ့ မိမိတို့ ကိုယ်စားလှယ်များ စောင့်ကြည့်လေ့ လာခဲ့လို့ သိရှိရခဲ့ခြင်းဖြစ်ကာ ထိုအခြေအနေများကိုလည်း တိုင်းဒေသကြီး တာဝန်ရှိသူများထံ အသိ ပေးတင်ပြထားပြီး ဖြစ်ပါတယ်။ ကန်ထရိုက်များအနေနဲ့လည်း ဒီလုပ်ငန်းစာချုပ်ချုပ်ကတည်းက လုပ်ငန်းရဲ့ ၂ ပါဆင့်ကို QC အတွက်ပေးဆောင်ရတယ်ဆိုပြီးတော့ ပါပြီးဖြစ်ပါတယ်။ မြို့နယ်တီကော် ရဲ့အခန်းကဏ္ဍဟာလည်း လိုက်လံကြည့်ရှုရုံ ငွေထုတ်ရဖို့အတွက် လက်မှတ်ထုတ်ပေးရုံ အဆင့်က လွဲလို့ တာဝန်ယူမှု၊ တာဝန်ခံမှုမပေးနိုင်ပါဘူး။ ဌာနတွင်း QC ဆိုတာလည်း အကိုကြီး၊ ညီလေးနဲ့တင် ပြီးသွားမည့် အခြေအနေတွေဖြစ်ပါတယ်။ ဒါကြောင့် သီးခြားလွတ်လပ်တဲ့ အမြဲမပြတ်ကြပ်မတ်စစ်ဆေး ပြီး အာမခံနိုင်တဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိတဲ့ စနစ်နဲ့သွားကို သွားရမယ်ဆိုတာသေချာ နေပါပြီ။ အခုအခြေအနေတွေမှာတော့ တည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်နေသူတွေနဲ့ ကိုယ်စား လှယ်တွေရဲ့ကြားမှာ တစ်ယောက်နှင့်တစ်ယောက် မယုံသင်္ကာတဲ့ မျက်လုံးတွေနဲ့ ကြည့်နေရသလိုမျိုး ကျွန်တော်တို့ ဖြစ်နေပါတယ်။ အရည်အသွေးပိုင်းရော၊ စံချိန်စံညွှန်းပိုင်းရော၊ ဈေးနှုန်းကြီးမြင့်စွာပြပြီး တော့မှ ယိုပေါက်တွေဖြစ်နေမှုတွေကိုရော ထိန်းချုပ်ဆောင်ရွက်နိုင်ပြီးတော့မှ ပြည်သူတွေ ဘေးကင်း လုံခြုံစွာနဲ့ နိုင်ငံ့ရဲ့ဘဏ္ဍာငွေတွေ အလေအလွင့်မရှိစွာနဲ့ ပြည်သူတွေရေရှည်အကျိုးပြု အသုံးပြုနိုင်ဖို့ အတွက်ကို Third Party စနစ်တစ်ရပ်မှန်ကန်စွာ ကျင့်သုံးပြီးတော့မှ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထွဋ်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ် ဖြစ်ပါ တယ်။ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုကို အပိုင်းသုံးပိုင်းခွဲပြီးတော့ ဆွေးနွေးသွားပါ မယ်။ ပထမအပိုင်းအနေနဲ့ နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးလုပ်ငန်းများအား အရည်အသွေးမီစေ ရန်နှင့် ပြည်သူ့ဘဏ္ဍာအလေအလွင့်မရှိစေရန်ဖြစ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းများ၊ နိုင်ငံတော်ဘဏ္ဍာ ဖြင့် ပုဂ္ဂလိကကုမ္ပဏီများက တင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် နိုင်ငံတော်၏ အင်ဂျင်နီယာလုပ်ငန်းဝန်ကြီးဌာနများဖြစ်တဲ့ ဆောက်လုပ်ရေး၊ ဆည်မြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်တို့မှ ဆောင်ရွက်တဲ့ လုပ်ငန်းများအားလုံး ပါဝင်ပါတယ်။ ယခင်ကာလတွင် စနစ်ဖြင့် ကြပ်မတ်ထိန်းကျောင်း မှုမရှိသည့်အတွက် ကိုယ်တိုင်ဒီဇိုင်းလုပ်၊ ကိုယ်တိုင်တွက်၊ ကိုယ်တိုင်ဆောက်၊ ကိုယ်တိုင်စစ်များသာ

ဆောင်ရွက်ခဲ့ကြပါတယ်။ အကျိုးဆက်အဖြစ် အဆိုရှင်တင်ပြသလို အရည်အသွေးညံ့ဖျင်းသော လုပ်ငန်းများနှင့် နိုင်ငံသားတို့၏ကိုယ်ပိုင်ငွေများ၊ ပြည်သူ့ဘဏ္ဍာများ များစွာနစ်နာဆုံးရှုံးခဲ့ရပါတယ်။ ယခုအခါတွင် ကောင်းမွန်သော စနစ်တစ်ခုကို မတည်ဆောက်နိုင်သေးသော်လည်း ပုဂ္ဂလိကကဏ္ဍတွင် လွတ်လပ်သောပြင်ပ Third Party အဖွဲ့များကို ငှားရမ်းဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများတွင် သက်ဆိုင်ရာခရိုင်နှင့်မြို့နယ် တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေးရေးကော်မတီများ၊ ပြင်ပအရည်အသွေးစစ်အဖွဲ့များ နှင့် MESO အခြေခံဖွဲ့စည်းထားတဲ့ နည်း/ဆက်အဖွဲ့များမှ လုပ်ငန်းစစ်ဆေးခြင်းများ စတင်ဆောင်ရွက် နေပြီဖြစ်ပါတယ်။ သို့သော် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ယူအကောင်အထည်ဖော်သော စီမံကိန်းလုပ်ငန်းများ၊ လမ်း၊တံတား၊ အဆောက်အဦ၊ ဆည်မြောင်းများတွင် ဌာနတွင်းစစ်ဆေးခြင်း၊ စာရင်းစစ်ချုပ်ရုံးမှ စီမံကိန်းလုပ်ငန်းမြေပြင်စစ်ဆေးခြင်းများဖြင့်သာ အကောင်အထည်ဖော် ဆောင်ရွက်နေကြပါတယ်။ ကုန်ကျသောနိုင်ငံတော်ဘဏ္ဍာနှင့် ထိုက်တန်တဲ့အရည်အသွေးရှိတဲ့ စီမံကိန်းများဖြစ်ပေါ်စေရေးအတွက် လွတ်လပ်သော Third Party ရဲ့စစ်ဆေးခြင်းကို ခံယူဆောင်ရွက် သင့်ပါကြောင်း အဆိုရှင်၏နိုင်ငံတစ်ဝန်းလုံးရှိ လုပ်ငန်းများအား ရည်ညွှန်းချက်ကို ထောက်ခံအပ်ပါ တယ်။

ဒုတိယပိုင်းအနေဖြင့် Third Party စနစ်ကို မှန်ကန်စွာကျင့်သုံးရန် ဖြစ်ပါတယ်။ မှန်ကန်၊ ကောင်းမွန်သောစနစ်တစ်ခုကို တည်ဆောက်ဖို့ လိုအပ်ပါတယ်။ Third Party Inspection Firm များ၊ ဗိသုကာများ၊ ဒီဇိုင်းနှင့် အတိုင်ပင်ခံလုပ်ငန်းများ၊ MME လုပ်ငန်းများ၊ ကန်ထရိုက်တာများ၊ Supplier များ အစရှိသည့် လုပ်ငန်းနယ်ပယ်အသီးသီးကို ကြီးကြပ်နိုင်ရေးအတွက် ဥပဒေနှင့်အညီ ဖွဲ့စည်း တာဝန်ပေးထားသော Regularity Body တစ်ခုဖွဲ့စည်းခြင်း၊ လိုအပ်သောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ Standard, Stratification, Code များရေးဆွဲ၍ ထိန်းကျောင်းကြပ်မတ်ဆောင်ရွက် ရပါမယ်။ မိမိလက်အောက်တွင် လိုအပ်သောအဖွဲ့ငယ်များကို ထပ်မံဖွဲ့စည်း၍ စံချိန်စံညွှန်းများရေးဆွဲ ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ စစ်ဆေးခြင်း၊ ခွင့်ပြုခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတွေကို ပြုလုပ်ပါ တယ်။ အဆောက်အဦနှင့် တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီပြီး လုံခြုံစိတ်ချမှုရှိစေရေး၊ Construction Industry ခေတ်မီနည်းပညာများဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ကျွမ်းကျင်အလုပ် သမားများ အရည်အသွေးမြှင့်တင်ရေးနှင့် ကျွမ်းကျင်အင်ဂျင်နီယာများ မွေးထုတ်ရေးတို့ကိုလည်း ဆောင်ရွက်ရပါမယ်။ ယနေ့ကျွန်တော်တို့နိုင်ငံတွင် Regularity Body တစ်ခုပီပြင်စွာမရှိသေးသည့် အတွက် အမြန်ဆုံးမှန်ကန်စွာ ဖွဲ့စည်းရန် လိုအပ်ပါတယ်။ MES မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဦးဆောင်ဖွဲ့စည်းထားသည့် Third Party နည်း/ဆက် မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့အကြောင်း အနည်းငယ်ဆွေးနွေးလိုပါတယ်။ MES အဖွဲ့အစည်းသည် အသင်းဝင် အင်ဂျင်နီယာ၊ ဗိသုကာများအားလုံးနှင့်သက်ဆိုင်သည့် Non-Profit Organization တစ်ခုဖြစ်ပါ တယ်။ ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်များ တိုးတက်ပြန့်ပွားလက်ဆင့်ကမ်းစေရေး၊ ပညာရပ်များ ၏အဆင့်အတန်းနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ရေး၊ တာဝန်ယူ၊ တာဝန်ခံမှုနှင့် ပညာရှင် ကျင့်ဝတ်များ သိရှိနားလည်စေရေးစသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။ Third Party သည် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် နည်း/ဆက်ကို MES မှ တာဝန်ခံ

ဆောင်ရွက်ရခြင်းသည် မသင့်လျော်ဟု ယူဆပါတယ်။ ဒါ့အပြင် အဓိကအကျဆုံးအချက်တစ်ခုဖြစ်သည့် Conflict of Interest ပဋိပက္ခအသွင်ဆောင်သောအကျိုးစီးပွား၊ ဆီလျော်အောင် ပြန်ဆိုလျှင် မလျော်ကန်သော အကျိုးစီးပွားဆက်နွှယ်မှုဖြစ်ပါတယ်။ MES တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အင်ဂျင်နီယာများနှင့် ပြင်ပအင်ဂျင်နီယာများသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီနှင့် တင်ဒါအဆင့်ဆင့်တွင်ပါဝင်ဆောင်ရွက်နေသည့်အတွက် နည်း/ဆက်အနေဖြင့် MES အရိပ်အောက်မှ လုပ်ငန်းများ၏ရယူခြင်းအစား လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်သင့်ပါတယ်။ သို့ပါ၍ လွတ်လပ်သော Professional Third Party Firm များ မှန်ကန်စွာပေါ်ပေါက်ရေးကို ထောက်ခံဆွေးနွေးလိုက်ပါတယ်။

တတိယအချက်အနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ဆွေးနွေးတင်ပြချက်များ၊ ပကတိမြေပြင်ပေါ်တွင် တွေ့ကြုံခံစားနေရသည့်အားနည်းချက်များက စနစ်ကောင်းတစ်ခုကို အမြန်ဆုံးအကောင်အထည်ဖော်ရန်လိုအပ်နေပါကြောင်း ထောက်ပြနေပါတယ်။ ဒီတာဝန်ကိုဆောင်ရွက်ရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အသင့်တော်ဆုံးဖြစ်ပြီးတော့ ယမန်နေ့ ပြည်ထောင်စုလွှတ်တော်တွင် ဒုတိယဝန်ကြီး၏ရှင်းလင်းတင်ပြချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၏လုပ်ငန်းစဉ်ပွင့်လင်းမြင်သာမှုနှင့် Road Map ကို သိရှိခွင့်ရသည့်အတွက် များစွာကျေးဇူးတင်ပါတယ်။ Road Map တွင် Transforming အစား Transition ကို သွားနေကြောင်း၊ ၂၀၂၀ ခုနှစ်တွင် Regularity Body ဖြင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို Corporatization နှင့် Privatization ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ စနစ်အသွင်ကူးပြောင်းခြင်းကာလတွင် အခြေခံကျသော အောက်ခံထည်ကို စတင်ပြောင်းလဲရန်လိုအပ်ပါတယ်။ အပေါ်ယံပြောင်းလဲမှုများဖြင့် စံလွဲချော်မှုများကိုသာ ပိုမိုဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးသည့်လုပ်ငန်းလမ်းညွှန်များ၊ Myanmar National Building Code များဟာ ကြပ်မတ်ထိန်းကျောင်းသည့်အဖွဲ့အစည်းမရှိသည့်အတွက် သက်ရောက်မှုအလွန်အားနည်းနေပါတယ်။ သို့ပါ၍ ယခုအချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မိမိ၏မည်သည့်အစိတ်အပိုင်းကို Regularity Body ဖြင့်ဖွဲ့စည်းမည်။ နောင်တွင် Privatization ဆောင်ရွက်မည့် လက်ရှိလုပ်ငန်းဌာနများကို မည်သို့လျှော့ချသွားမည်ကို Road Map နှင့်အညီ အမြန်ဆုံးဆုံးဖြတ်ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း အကြံပြုဆွေးနွေးရင်း ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အလေးအနက်ထောက်ခံလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းလွင်(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကြွရောက်လာသူအားလုံးကို လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ ကျွန်တော်ဆွေးနွေးတင်ပြရရင် အဆိုရှင်ရဲ့များပြားလှတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဒီလိုပြင်ပ Consultant အင်ဂျင်နီယာပညာရှင်တွေ မိမိတို့ရဲ့ ပညာရပ်ကိုတန်ဖိုးထား၍၊ တိုင်းပြည်အပေါ်စေတနာထား၍ Third Party Consultant Firm များအနေနဲ့

အစိုးရရဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ တည်ဆောက်လုပ်ကိုင်ကြမယ်ဆိုရင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီတဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွေ ဖြစ်လာစေမယ့်အပြင် ပြည်သူ့ဘဏ္ဍာနဲ့ တည်ဆောက်တဲ့လုပ်ငန်းတွေဟာ ကုန်ရကျိုးနပ်မဲ့လုပ်ငန်းတွေ ဖြစ်လာမယ်ဆိုတဲ့အချက်ကို ဆွေးနွေး လိုပါတယ်။ ဒီနေရာမှာ မိမိတို့ရဲ့ပညာရပ်ကိုတန်ဖိုးထား၍၊ တိုင်းပြည်အပေါ်စေတနာထား၍ ဆိုတဲ့ အချက်ကို ကျွန်တော်ဆွေးနွေးလိုချင်တာပါ။

ကျွန်တော့်ကို Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ညောင်တုန်းမြို့မှာ ၂၀၁၆-၂၀၁၇ ပြည်ထောင်စုဘတ်ဂျက်နဲ့ ပေ ၁၅၀၊ ၆၂ ပေ သုံးထပ်ကုသရေးအဆောင်ပါ။ အောက်ခြေဖောင်ဒေးရှင်းကတက်လာတဲ့ Print Level ထိအောင် တက်လာတဲ့ RC တိုင်ဟာ အပေါ်ကိုဆက်တက်မဲ့ ဖောင်ဒေးရှင်း Ground Flow နဲ့ Structure နဲ့ လွဲနေတဲ့အတွက် သံချောင်းများကိုကောက်ပြီးတော့ အပေါ်ကိုဆက်တက်မယ့်ပုံပါ။ RC တိုင်တွေဟာ လည်း တစ်ခုနဲ့တစ်ခု ALliment မမှန်ပါဘူး။ ဒီလိုတခြားဆောင်ရွက်ခွင့်ကြောင်းနှစ်ကြောင်းမှာလည်း ကျွန်တော်တွေ့ခဲ့ပါတယ်။ ဒီလိုမူရင်း Structure နဲ့လွဲနေရင် Contractor တွေခေါ်ပြီးတော့ ဖြတ်သင့် တာဖြတ်၊ ပြင်သင့်တာပြင်ပါတယ်။ ကျွန်တော်ကတော့ တာဝန်ခံဆိုဒ်အင်ဂျင်နီယာကို ခေါ်ပါတယ်။ မင်းကို ကျောင်းကဒီလိုပဲ သင်ပေးလိုက်လား။ ဒီလောက်တောင်ပဲ စေတနာမရှိတော့ဘူးလား။ တချို့ ဆိုဒ်အင်ဂျင်နီယာတွေကို ကျွန်တော့်ကို ပြန်ပြောပါတယ်။ ကိုယ်စားလှယ်ကြီး ဒါမြေကြီးအောက်ကို ရောက်သွားမှာပါပဲ။ ဒီနေရာမှာ ကျွန်တော်ဆွေးနွေးလိုချင်တာက ကျွန်တော့်အနေနဲ့ ဒီလိုတာဝန်မဲ့တဲ့ ဆိုဒ်အင်ဂျင်နီယာတွေကို ကြပ်မတ်ဖို့ ဝန်ကြီးဌာနတွေရဲ့ အမိန့်ညွှန်ကြားချက်တွေနဲ့ လွတ်နေပါတယ်။ ဒါကြောင့် Contractor တွေကို ကြပ်မတ်ဖို့အပြင် ဆိုဒ်အင်ဂျင်နီယာတွေကိုပါ ကြပ်မတ်နိုင်ရန် တကယ်အရည်အသွေးပြည့်ဝတဲ့ Third Party စနစ်တစ်ရပ် လိုအပ်နေပါပြီ။

ဒုတိယအချက်အနေနဲ့ ကျွန်တော်ဆွေးနွေးလိုတာကတော့ နိုင်ငံဘဏ္ဍာအလေအလွင့်မရှိစေရန် ပါ။ ဒါက ၂၀၁၄-၂၀၁၅ ခွင့်ပြုရန်ပုံငွေနဲ့ တည်ဆောက်ခဲ့တဲ့ ညောင်တုန်း ၂၀၁၄-၂၀၁၅ က ဖြစ်ပါ တယ်။ မယ်ဇလီတိုက်နယ်ဆေးရုံပါ။ ညောင်တုန်းက။ ၂၀၁၄-၂၀၁၅ က စတင်ဆောက်လုပ်ပြီး ဆောက်ရင်း၊ ဆောက်ရင်းနဲ့ အောက်ခြေက ပြတ်လိုက်လာလို့ အခုတော့ ထပ်မဆောက်နိုင်ဘဲ ရပ်ပြီး ပစ်ထားခဲ့တာပါ။ ဒီနေရာမှာ ကျွန်တော်ပြောလိုတာက ဒီအရည်အသွေးမမီလို့ ဖြတ်ပြီးတော့ပဲ ဆောက်ဆောက်၊ အခုလိုပဲ ပစ်သွား၊ ပစ်သွား။ ဒါနိုင်ငံ့ဘဏ္ဍာအကြီးအကျယ်ဆုံးရှုံးနေတာပါ။ ဒီအပြင် အဲဒီဒေသက ကျန်းမာရေးစောင့်ရှောက်မှုလည်း လစ်ဟာမှုတွေ ဖြစ်နေပါတယ်။ ဒီလိုစနစ်တကျ အစကတည်းက စနစ်တကျကြပ်မတ်ခဲ့ရင် ဒီလိုဆုံးရှုံးမှုတွေကို ကာကွယ်နိုင်မှာဖြစ်တဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ ကျွန်တော်ဆွေးနွေးလိုတာကတော့ ဒီနေရာမှာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေကို ထည့်ပြီး ဖွဲ့စည်းထားပါတယ်။ ဒါဟာ အုတ်စီတာ မှားယွင်းနေတာကို ကျွန်တော်ပြောချင်တာပါ။ အုတ်ရိုးက တစ်လွှာနဲ့ တစ်လွှာကြားမှာ မဆလာ ငါးမူးအထိရှိရပါမယ်။ အုတ်စီး၊ အုတ်နင်းမှန်ရပါမယ်။ အဲဒီတော့ တခြား သံချည်၊ သံကွေးနည်းစနစ်တွေလည်း ရှိပါတယ်။ Steel Structure မှာဆိုလို့ရှိရင် Steel Structure နဲ့ပတ်သက်တဲ့နည်းစနစ်တွေလည်းရှိပါတယ်။ တကယ်လက်တွေ့မှာ Steel Structure တွေမှာ Welding ကို တွေ့ဆက်ဆက်တာကို ခွင့်မပြုပါဘူး။ အရေးကြီးတဲ့ Joint တွေမှာ Rabit Joint။

အနည်းဆုံးတော့ အပေါက်ဖောက်ပြီး Screw ဆွဲပေးရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဆွေးနွေးလို တဲ့အဓိကအချက်က ဘာလဲဆိုလို့ရှိရင် ဒီလိုပြစ်ချက်တွေက ဆောက်လုပ်ရေးလုပ်ငန်းနဲ့နီးစပ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များကသာ သိနိုင်ပြီးတော့ တခြားဘာသာရပ်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များက သိနိုင်မယ်မထင်ပါဘူး။ ဒီလိုမသိနိုင်တဲ့လွှတ်တော်ကိုယ်စားလှယ်များရှိနေရင် ဒီ Policy က မမှန်နိုင်ပါဘူး။ ဒါကြောင့် အရည်အသွေးစစ်ဆေးရေးအပါအဝင် အခြားတည်ဆောက်ရေး လုပ်ငန်းများ အရည်အသွေးပြည့်မီစေရန် ပြည်သူ့ဘဏ္ဍာငွေအလေအလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် ဝန်ကြီးဌာနရဲ့ဆောက်လုပ်ရေးလုပ်ငန်းများရဲ့ Policy တစ်ပြေးညီဖြစ်စေရန် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆို ကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေး တိုင်းဒေသကြီး မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုဖြစ်ပါတယ်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါ။ ယခု ပြသတဲ့ပုံဟာ မကွေးတိုင်းဒေသကြီး အတွင်း သရက်မြို့နှင့် မင်းတုန်းမြို့ကိုဆက်သွယ်ထားတဲ့ သရက်-မင်းတုန်း ပြည်ထောင်စုလမ်းမကြီး ပေါ်မှာရှိတဲ့ မင်းတုန်းမြို့နယ် တောင်ဘက်ကျေးရွာအနီးက မြေထိန်းနံရံကို ဆောက်လုပ်ရေးဝန်ကြီး ဌာနက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ၁၄၉ သန်း ကုန်ကျခံ တည်ဆောက်ခဲ့တာဖြစ်ပြီး ဆောင်ရွက်ပြီးစီးချိန်မှအစ လေးလသာကြာမြင့်ခဲ့ပြီး ယခုပုံမှာ မြင်တွေ့ရတဲ့ အတိုင်း ပစ္စည်းဆုံးရှုံးသွားတာဖြစ်ပါတယ်။ ယခုပုံကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကြီးကြပ်ပြီး အေးရှားဝါးကုမ္ပဏီမှ တည်ဆောက်ခဲ့တဲ့ မင်းတုန်းမြို့နယ်အတွင်း မင်းတုန်းမြောက် ပြင်လမ်းပေါ်ရှိ လွှာချောင်းတံတားရဲ့ပျက်စီးနေပုံဖြစ်ပါတယ်။ တံတားတည်ဆောက်ပြီး သက်တမ်း တစ်နှစ်လောက်ပဲကြာလိုက်ပါတယ်။ ယခုပုံမှာမြင်ရတဲ့အတိုင်းဖြစ်သွားပါတယ်။ ၁၆၅.၃ သန်းကုန်ကျ ခဲ့တဲ့တံတားဖြစ်ပါတယ်။ ၁၃-၆-၂၀၁၇ ရက်နေ့ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေမြင့်တက်လာ မှုကြောင့် ပစ္စည်းဆုံးရှုံးရတယ်လို့ဆိုပါတယ်။ ၁၆၃ သန်းသော ဘတ်ဂျက်ကို ထပ်မံတောင်းထားတာ တွေ့ရပါတယ်။ ဒီဖြစ်စဉ်နှစ်ခုစလုံးဟာ သဘာဝဘေးအန္တရာယ်ကြောင့် ပစ္စည်းဆုံးရှုံးရတယ်လို့ ဆိုပါ တယ်။ သို့သော် တည်ဆောက်ခဲ့သူများဟာ ပညာရှင်များဖြစ်ကြပါတယ်။ ပညာရှင်များဟာ မိမိတို့ တည်ဆောက်မယ့်နေရာရဲ့အနေအထား မြေအမျိုးအစားကို နည်းပညာအရ စမ်းသပ်ပြီးမှ ဆောင်ရွက် သင့်တာဖြစ်ပါတယ်။ ဒါဟာ ကျွန်မရဲ့မြို့နယ်လေးမှာတောင် ဒီလောက်ပစ္စည်းဆုံးရှုံးမှုတွေများနေရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စဉ်းစားကြည့်ပါက နိုင်ငံတော်ငွေများ အဟောသိကံဖြစ်နေမှု ပမာဏ လွန်စွာကြီးမားနေမှာဖြစ်ပါတယ်။ ကျွန်မအရှေ့ကကိုယ်စားလှယ်များလည်း စုံလင်စွာဆွေးနွေးခဲ့ပြီ ဖြစ်ပါတယ်။ ဒါကတော့ ဟိုနေ့က ပြည်ထောင်စုမှာဆွေးနွေးပြီးဖြစ်တဲ့ မင်းတုန်းမြို့နယ်အတွင်း ဝပ်ကော်အုပ်စု ရင်းကောက်ကျေးရွာက ၂၀၁၆-၂၀၁၇ ခုနှစ် ပညာရေးဝန်ကြီးဌာနဘတ်ဂျက် ၂၃၄ သိန်းနဲ့ တည်ဆောက်ခဲ့တဲ့ကျောင်းဆောင်ဟာ ယခုအချိန်အထိ ပြီးစီးမှုမရှိသေးတဲ့ပုံဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေအားလုံးဟာ မပျက်စီးသင့်ပဲ ပျက်စီးရခြင်း၊ အချိန်နှင့်တစ်ပြေးညီပြီးဆုံးမှုမရှိခြင်း ဖြစ်ပါ

တယ်။ ဒီလိုဖြစ်လို့ ဝန်ထမ်းများကို အရေးယူခဲ့မယ်ဆိုရင်လည်း ကုန်ဆုံးသွားတဲ့နိုင်ငံတော်ကတော့ ပြန်မရနိုင်တော့ပါဘူးရှင်။ အကယ်၍ အဆိုရှင်ရဲ့ မှန်ကန်တဲ့ Third Party သာရှိခဲ့မယ်ဆိုရင် ဒီလို အဖြစ်မျိုးတွေနဲ့ကြုံတွေ့စရာမရှိပါဘူး။ ကြုံတွေ့ခဲ့မယ်ဆိုရင်လည်း Third Party အနေနဲ့ အချိန်မတန် ခင်ပျက်စီးခဲ့တဲ့အတွက် လျော်ကြေးငွေများပြန်လည်ရရှိမှာဖြစ်သလို အချိန်နှင့်တစ်ပြေးညီပြီးဆုံးမှု မရှိခဲ့ရင်လည်း နှောင့်နှေးဒဏ်ကြေးပေးဆောင်ရမှာ ဖြစ်ပါတယ်။ လျှော်ဒဏ်၊ မုန်တိုင်းဒဏ်နှင့် ရေကြီးမှုဒဏ်တွေကိုလည်း ခံနိုင်ရည်ရှိအောင် Third Party ကစစ်ဆေးရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မရှိမဖြစ်လိုအပ်တဲ့ Third Party ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ တချို့မြို့နယ်များမှာ Third Party တွေဖွဲ့စည်းထားပြီး ဆောင်ရွက်နေကြပြီလို့လည်း သိရပါတယ်။ Third Party ဟာ အနှောင်အဖွဲ့ကင်းကင်းနဲ့ မည်သည့်ဝန်ကြီးဌာနရဲ့လက်အောက်မှာမှ မရှိတဲ့သီးခြား လွတ်လပ်တဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ဖို့ကတော့ လိုပါတယ်။ နောက်ပြီးတော့ Third Party ဟာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့ လိုပါတယ်။ ယခု လက်ရှိကျင့်သုံးနေသလို စစ်ဆေးခကိုသာယူမယ်။ လုပ်ငန်းတစ်ခုကို အနည်းငယ်ပဲ လာကြည့်မယ်။ လက်မှတ်ထိုးမယ်။ ပျက်စီးရင်ကန်ထရိုက်တာဝန်ဆိုရင်တော့ မှန်ကန်တဲ့ Third Party စနစ် ဘယ်လိုမှမဖြစ်နိုင်ပဲ မှားယွင်းတဲ့ Third Party စနစ်သာ ဖြစ်ပါလိမ့်မယ်။ ယခု လက်ရှိ ကျင့်သုံးနေတဲ့ Third Party စနစ်သည် အပေါ်ယံစနစ်တစ်ခုသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လွတ်လပ်ပြီး မှန်ကန်တဲ့ Third Party ဖြစ်ဖို့ လိုအပ်လို့ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒါမှ မှန်ကန်တဲ့စနစ်ဖြစ်ပြီး နိုင်ငံတော်ကို လွတ်လပ်စွာကူညီနိုင်မှာဖြစ်သလို အဆိုရှင်ပြောတဲ့အတိုင်း နိုင်ငံတကာအတွေ့အကြုံ များစွာနဲ့ပြန်လာတဲ့ ကျွန်မတို့နိုင်ငံသား အင်ဂျင်နီယာပညာရှင်တွေအတွက် အလုပ်အကိုင်အခွင့် အလမ်းများစွာ ရရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မှန်ကန်တဲ့ Third Party စနစ်ကို အမြန်ဆုံးအကောင် အထည်ဖော်ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးလိုက်ရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ဂန့်ဂေါမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေး လုပ်ငန်းများအား အရည်အသွေးပြည့်မီစေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေအလေအလွင့်မရှိစေရန်အတွက် Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်နှင့် ရှေ့ကလွှတ်တော်ကိုယ်စား လှယ်ကြီးများ ဆွေးနွေးခဲ့သလိုပဲ ခေတ်အဆက်ဆက်အစိုးရလက်ထက်တွေမှာ တိုင်းပြည်အတွက် လိုအပ်တဲ့ လမ်း၊ တံတား၊ အဆောက်အဦ၊ ဆည်မြောင်း၊ တာတမံစတဲ့အဆောက်အဦဆောက်တဲ့အခါ မှာ ကိုယ်တိုင်တွက်ချက်၊ ကိုယ်တိုင်ဘတ်ဂျက်ရေးဆွဲ၊ ကိုယ်တိုင်တည်ဆောက်၊ ကိုယ်တိုင်ကြပ်မတ်၊ ကိုယ်တိုင်စစ်ဆေးလုပ်ခဲ့ကြလို့ မကြာခင်ပြန်ပျက် နောက်ထပ်ဘတ်ဂျက်ထပ်တောင်း၊ ပြန်ပြင်၊ ပြန်ပျက် မရှိမဲ့ ရှိမဲ့ ပြည်သူ့ဘဏ္ဍာငွေ အဟောသိကံဖြစ်ပြီးတော့ အဂတိလိုက်စားမှုတွေများ၊ လာဘ်ပေး

လာဘ်ယူမှုများနှင့် ဇီးသီးပန်းတင်မကပဲနဲ့ ဇီးသီးတောင်းပါ မှောက်ခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ပြည်သူ့အစိုးရသစ်လက်ထက်အထိ အတောမသတ်နိုင်သေးဘဲနဲ့ ဆက်လက်ပြီးတော့ အဆိုးသံသယာလည်နေဆဲပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါ။ ဒါကတော့ လက်ပံတန်းကျောင်းက ပြီးခဲ့တဲ့ ၂ နှစ်ခန့်ကဆောက်ခဲ့တဲ့ ကျောင်းဆောင်ဖြစ်ပါတယ်။ အန္တရာယ်ဆောင်ဖြစ်နေပြီဖြစ်ပါတယ်။ ဒါကတော့ ပြီးခဲ့တဲ့ဘတ်ဂျက်က ဆောက်ခဲ့တဲ့ကျောင်းဆောင်တစ်ခုဖြစ်ပါတယ်။ ပြန်ပြီးတော့ ပြင်ခိုင်းခဲ့ရတဲ့ကျောင်းဆောင်ဖြစ်ပါတယ်။ လက်ပံတန်းမြို့နယ်ကပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ သနပ်ပင်၊ ကျွဲတဲလမ်းပေါ်မှာဆောက်ထားတဲ့ တံတားများဖြစ်ပါတယ်။ ဒါက အားလုံး ၁၄ ခုရှိပါတယ်။ တစ်နှစ်အတွင်းမှာပဲ ၁၄ ခုလုံး ပျက်စီးလာပါတယ်။ ဒါကတော့ လုံးဝကြိုးပျက်သွားတဲ့တံတားဖြစ်ပါတယ်။ အဲဒီတော့ အခု ပြန်ပြင်ဖို့လို့ သဘာဝဘေးဆိုပြီးတော့ တင်ထားတာရှိပါတယ်။ ဒါကတော့ နိုင်ငံတကာချေးငွေနဲ့တည်ဆောက်ထားတဲ့ ပဲခူး-စစ်တောင်း တာပေါင်လမ်းဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂ နှစ်လောက်တုန်းက တည်ဆောက်ထားတဲ့လမ်းဖြစ်ပါတယ်။ ဒါက ပြည်သူလူထုတွေက ကိုယ်ထူကိုယ်ထပြင်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဘီလီယံပေါင်းများစွာ အကုန်အကျခံတည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ GMP တိုင်းရင်းဆေးဝါးစက်ရုံ မန္တလေးပဲဖြစ်ပါတယ်။ ဒါကတော့ အဲဒီစက်ရုံကြီးပဲဖြစ်ပါတယ်။ ဒီစက်ရုံကြီးကို တည်ဆောက်ခဲ့တာ ဆိုလို့ရှိရင် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်နှစ်သန်းပေါင်း ၁၅၁၁ သန်းနှင့် ဆောက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီနှစ်မှာ ဘတ်ဂျက်နှစ်ကုန်တဲ့အထိ မဆောင်ရွက်နိုင်ဘဲနဲ့ နောက်ဘတ်ဂျက်ထိ ပြောင်းခဲ့ရတယ်လို့လည်း ကြားသိရပါတယ်။ အားလုံးဆိုလို့ရှိရင် အခုထိဆိုလို့ရှိရင် ၄ ဘီလီယံနီးပါးကုန်ကျပြီးတော့ တည်ဆောက်ထားသော်လည်း စက်ရုံကြီးဟာ တောမရောက်၊ တောင်မရောက်ဖြစ်နေပါတယ်။ ဒီဇိုင်းကစပြီးတော့မှားတယ်။ အဆောက်အဦဆောက်တဲ့နေရာရွေးချယ်မှုကအစ မြို့လယ်ခေါင်ထဲမှာ၊ ရပ်ကွက်ထဲမှာတည်ဆောက်ထားတယ်။ အခုထိ နောင်ဘယ်နှစ်နှစ်ကြာရင်လည်နိုင်မယ်ဆိုတာလည်း မသိနိုင်သလို ပွင့်လင်းမြင်သာမှုမရှိဘဲနဲ့ အဂတိလိုက်စားမှုတွေဖြစ်ခဲ့လို့ အခုဆိုစစ်ဆေးဖော်ထုတ်မှုတွေလုပ်နေတဲ့အခြေအနေလည်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီ Power Point ပိတ်လို့ရပါပြီ။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တခြားနိုင်ငံတွေကို လေ့လာကြည့်တဲ့အခါမှာ တိုးတက်တဲ့နိုင်ငံတွေမှာ Third Party စနစ်ကို သေချာကျင့်သုံးတာတွေ့ရပါတယ်။ ကျွန်တော်တို့ အရှေ့တောင်အာရှနိုင်ငံတွေမှာဆိုလို့ရှိရင်လည်း စင်္ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်းဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်စတဲ့နိုင်ငံတွေအပြင် ကိုရီးယား၊ ဂျပန်နိုင်ငံတွေမှာလည်း ကျင့်သုံးကြတာကို တွေ့ရပါတယ်။ စင်္ကာပူနိုင်ငံမှာဆိုလို့ရှိရင် BCA အဖွဲ့ကိုဖွဲ့ပြီးတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီဇိုင်းမှစပြီးတော့ အဆင့်ဆင့်ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ စနစ်တကျဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာလည်း လွန်ခဲ့တဲ့တစ်နှစ်ခန့်တည်းက ဒီ Third Party စနစ်ကို ကျင့်သုံးနေပါပြီလို့ ပြည်ထောင်စုဒုတိယဝန်ကြီးက ပြောသွားတာရှိပါတယ်။ ကြားရလို့ ကြိုဆိုအပ်ပါတယ်။ သို့သော်လည်း ဟုတ်ပါတယ်။ တိုင်းနဲ့ဒေသကြီး၊ တိုင်းနဲ့ပြည်နယ်ဒေသကြီးတွေမှာ စတင်ဆောင်ရွက်နေတာကို လေ့လာကြည့်တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးစတဲ့ မြို့နယ်တိုင်းဒေသတွေမှာ လုပ်နေတာတွေ့ရပါတယ်။ သို့သော် ပဲခူးတိုင်းဒေသကြီးမှာဆိုလို့ရှိရင် လွှတ်တော်ကနေပြီးတော့ BRCCA ဖွဲ့ပြီးတော့ ဆောင်ရွက်

တာကို ကန့်ကွက်ထားပါတယ်။ ကန့်ကွက်ရတဲ့အကြောင်းတွေကလည်း ခိုင်ခိုင်မာမာရှိပါတယ်။ အဲဒီတော့ ဒီ Third Party စနစ်ကို အစိုးရ BRCCA ဘယ်လိုစာချုပ်ချုပ်မှာလဲ။ Third Party စနစ်ကို ဘယ်လိုရွေးချယ်မှာလဲ။ ဘယ်ဥပဒေ၊ နည်းဥပဒေတွေနဲ့ ဆောင်ရွက်မှာလဲ။ အရည်အသွေးမမီလို့ရှိရင် ဘယ်သူကတာဝန်ယူမှာလည်း။ ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်တွေမှာ အများကြီးပဲ မေးခွန်းထုတ်စရာတွေရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီဟာ စနစ်ကို ကြိုဆိုတယ်။ ထောက်ခံတယ်။ အမြန်ဆုံးလုပ်ဖို့ လိုအပ်ပါတယ်။ ဒါကိုလုပ်ဖို့လို့အတွက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ဖို့လို့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ တစ်ခုခုမှားယွင်းလာလို့ရှိရင် သက်ဆိုင်ရာပုဂ္ဂိုလ်တွေဟာ အသီးသီးတာဝန်ရှိကြမှာဖြစ်ပါတယ်။ အစိုးရ Owner မှာတာဝန်ရှိတာဖြစ်သလို၊ ကုမ္ပဏီကလည်း တာဝန်ယူရမှာဖြစ်သလို ကျွန်တော်တို့ Third Party တွေကို ကျွန်တော်တို့ရွေးချယ်တဲ့ တာဝန်ပေးတဲ့ စက်ဘာပူမှာဆိုလို့ရှိရင် BCA လိုအဖွဲ့တွေကလည်း တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို ကျွန်တော်တို့က တစ်ကြောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းလုပ်နေမယ့်အစား ပြည်ထောင်စုအစိုးရ ကနေပြီးတော့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေပြဋ္ဌာန်းပြီးတော့ တစ်ပြေးညီ စနစ်တကျ မှန်မှန်ကန်ကန်ဆောင်ရွက်ဖို့ အမြန်ဆုံးလိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ပါ။ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က တည်ဆောက်ရေးလုပ်ငန်းများမှာ Third Party စနစ်ကို မှန်ကန်စွာကျင့်သုံးပြီးတော့ အမြန်ဆုံးအကောင်အထည်ဖော်ပေးရန်ဆိုပြီး ၎င်းရဲ့အဆိုမှာတိုက်တွန်းထားပါတယ်။ တကယ်တော့ ဒီ Third Party စနစ်ကို ၂၀၁၆ ခုနှစ် ဧပြီလကတည်းက စတင်ကျင့်သုံးလျက်ရှိတယ်လို့ ၉-၁၁-၂၀၁၆ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဆောက်လုပ်ရေးပြည်ထောင်စုဒုတိယဝန်ကြီးရဲ့ဆွေးနွေးချက်အရ သိရှိရပါတယ်။ တစ်နည်းပြောရရင် ဒီစနစ်ကိုကျင့်သုံးတာ တစ်နှစ်ကျော်ရှိသွားပြီဖြစ်ပါတယ်။ ဒါပေမဲ့ တိကျတဲ့ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေမရှိတဲ့ အပြင် မြေပြင်ပကတိအနေအထားမှာ တည်ဆောက်ရေးလုပ်ငန်းတွေမှာ မြင်သာထိရောက်တဲ့စစ်ဆေးမှုမျိုးကို ဒီတစ်နှစ်ကျော်ကာလအတွင်းမှာ မတွေ့ရသေးပါဘူး။ ဒီ Third Party အဖွဲ့အစည်းကို ဘယ်လိုဖွဲ့စည်းမှာလဲ။ စစ်ဆေးမှုကို ဘယ်လိုပြုလုပ်မှာလဲ။ တာဝန်ယူ၊ တာဝန်ခံမှုဘယ်လောက်ရှိမှာလဲ။ ဘယ်လောက်အတိုင်းအတာအထိ ထိန်းကျောင်းပိုင်ခွင့်ပေးမှာလဲ စတာတွေကို တိတိကျကျဖြစ်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းမှုလိုအပ်ပြီး ဥပဒေမပြဋ္ဌာန်းနိုင်မီကာလမှာ ညွှန်ကြားချက်များ ထုတ်ပြန်သတ်မှတ်ထားပေးဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Third Party အဖွဲ့အစည်းက သီးခြားလွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိဖို့ အထူးအရေးကြီးကြောင်းကို လွှတ်တော်ကိုယ်စားလှယ်တွေကို ဆွေးနွေးပြီးဖြစ်ပါတယ်။ အရည်အသွေး

စစ်ဆေးတဲ့အခါမှာ ဘယ်သူနဲ့မှငြိစွန်းမှုမရှိဘဲ လွတ်လပ်စွာရှိနေရပါမယ်။ ဒါမှသာလျှင် မှန်ကန်တဲ့ ထိန်းကျောင်းမှုမျိုး ရရှိမှာဖြစ်ပါတယ်။ ခုနက သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဆွေးနွေးသလိုပဲ စင်ကာပူမှာဆိုလို့ရှိရင် BCA လို့ခေါ်တဲ့ Building Construction Authority ဆိုတဲ့အဖွဲ့က ဆောက်လုပ်ရေးတွေနဲ့ပတ်သက်တဲ့အခါမှာ အဓိကတာဝန်ရှိပါတယ်။ ဒီလို အဖွဲ့အစည်းက အလုပ်လုပ်ဖို့အတွက်ကို၊ သူ့အတွက်ကို ဥပဒေပြုပေးရပါတယ်။ Building and Construction Act ဆိုပြီးတော့မှ စင်ကာပူမှာပြဋ္ဌာန်းထားပါတယ်။ အဲဒီဥပဒေနဲ့ ဒီအဖွဲ့အစည်းက ဘယ်လိုလုပ်ရမယ်ဆိုတာကို သတ်မှတ်ပြဋ္ဌာန်းထားပြီးတာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာလဲ ဒီ Third Party အဖွဲ့အစည်းများရှိပြီး လုပ်ငန်းလည်းလုပ်ဆောင်နေပြီဆိုရင် အဲဒီအဖွဲ့အစည်းအတွက် ဥပဒေ သတ်မှတ်ပြဋ္ဌာန်းဖို့လိုအပ်လာပြီဖြစ်ပါတယ်။ ဒါမှသာလျှင် တစ်နေရာတစ်မျိုးမဖြစ်ပါဘဲနဲ့ အကုန်လုံး တန်းတူညီတူအလုပ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲလိုပြဋ္ဌာန်းရာမှာ Third Party အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ အကျိုးစီးပွားပတ်သက်ဆက်နွှယ်မှု လုံးဝကင်းရှင်းဖို့၊ တိကျစွာထည့်သွင်း ပြဋ္ဌာန်းထားဖို့လည်း လိုအပ်ပါတယ်။ ဒ့ါအပြင် ဒီအဖွဲ့အစည်းက ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်မှာရှိမနေသင့်ဘဲနဲ့ စီမံ/ဘဏ္ဍာဝန်ကြီးလက်အောက်မှာသာ ထားရှိသင့်ပါတယ်။ ဒါမှသာ လျှင် အကျိုးစီးပွားဆက်နွှယ်မှု၊ ရှုပ်ထွေးမှုတွေကင်းရှင်းနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ကတင်ပြခဲ့တဲ့အချက်များအပြင် ဒီ Third Party အဖွဲ့အစည်းရဲ့ တာဝန်ယူ၊ တာဝန်ခံမှု ရှင်းလင်းခိုင်မာစေဖို့အတွက် စည်းမျဉ်းစည်းကမ်း၊ ပြစ်မှုပြစ်ဒဏ်များကို တိကျ စွာ သတ်မှတ်ပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။ ကုမ္ပဏီတွေက စည်းကမ်းဖောက်ဖျက်တယ်။ အရည်အသွေး မမီဘူးဆိုလို့ရှိရင် လျော်ကြေးဘယ်လောက်ပေးရမယ်လို့ သတ်မှတ်မှာလဲ။ ဘယ်လိုပြစ်ဒဏ်မျိုးကို ကျခံစေမှာလဲ၊ အာမခံကြေးကို ဘယ်လောက်ပေးသွင်းထားရမှာလဲဆိုတာတွေကိုလဲ သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။ ယခုလက်ရှိမှာ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရ မည့်လုပ်ငန်းလမ်းညွှန်။ ဒါဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတာပါ။ သူ့ရဲ့အပိုဒ် ၃၈ မှာ အပြစ်ပေးအရေးယူခြင်းဆိုတဲ့ခေါင်းစဉ်အောက်မှာ ကန်ထရိုက်လုပ်ပိုင်ခွင့်ရကုမ္ပဏီသည် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ချုပ်ဆိုသည့်စာချုပ်ပါ စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်ပါက နှစ်ဖက် သဘောတူချုပ်ဆိုထားတဲ့စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်လို့ ဖော်ပြထားပါ တယ်။ ဒီလိုလမ်းညွှန်ချက်မျိုးဟာ တည်ဆဲဥပဒေပြဋ္ဌာန်းချက်ကို အဟောသိကံဖြစ်စေရာရောက်ပါ တယ်။ အဂတိလိုက်စားမှုအတွက်လည်း အခွင့်အရေးရစေချင်တယ်။ စာချုပ်မှာ အရေးယူမှုအတွက် ဘယ်လိုရေးသားသဘောတူမှာလဲ။ ဘယ်လိုသဘောတူထားခဲ့သလဲဆိုတာတွေကို မသိနိုင်တဲ့အတွက် ပွင့်လင်းမြင်သာမှုမရှိနိုင်ခြင်းတို့ကြောင့် ယခုထက်ပိုမိုရှင်းလင်းမြင်သာတဲ့လမ်းညွှန်မှုမျိုးလိုအပ်ပါ တယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ AEC သဘောတူညီချက်အရ ၂၀၁၈ ခုနှစ်ကစလို့ အာဆီယံနိုင်ငံအချင်းချင်းကြား ပညာရှင်များလွတ်လပ်စွာသွားလာလုပ်ကိုင်ရရှိတော့မှာဖြစ်ပါတယ်။ ဒီအခါမှာ မိမိတို့နိုင်ငံသားပညာရှင်များ၊ ကာယလုပ်သားများနှင့် အလုပ်အကိုင်အခွင့်အလမ်း မလျော့ နည်းစေရန်နှင့် တန်းတူယှဉ်ပြိုင်နိုင်ရန်အတွက်လည်းကောင်း၊ အခြားအာဆီယံနိုင်ငံများမှ ဆောက်လုပ်ရေးကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်လာပါက စည်းစနစ်တကျဥပဒေအဖြစ် ထိန်းကျောင်း

စစ်ဆေးနိုင်ရန်အတွက်လည်းကောင်း၊ Third Party စနစ်ဖြင့် ထိန်းကျောင်းမှုကို စနစ်တကျ လုပ်ဆောင်သင့်ပါတယ်လို့ ဆွေးနွေးရင်း ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ တင်ပြချက်အဆိုတွေထဲမှာ ပြည်သူ့ဘဏ္ဍာအဟောသိကံဖြစ်မှုဆိုတဲ့ စကားရပ်တစ်ခုပါရှိပါတယ်။ ပြည်သူ့အတွက်ဘာတစ်ခုမှအကျိုးမရှိဘဲ အဟောသိကံဖြစ်သွားရတဲ့သာဓကတစ်ခုကို ထင်ရှားစေရန် အတွက် Power Point နဲ့တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှာ ၂၀၁၅-၂၀၁၆ ကတည်ဆောက်ခဲ့တဲ့ ရေအောက်တောင်းရွာနဲ့ ဂရူးချောင်းရွာ ကျေးရွာချင်းဆက် ဝဲစလင်ချောင်းကိုကူးထားတဲ့ တံတားတည်ဆောက်ပြီးစီးမှုအခြေအနေဖြစ်ပါတယ်။ ဒီတံတားဟာ ပေ ၁၀၀ ရှည်ပြီးမှ ခွင့်ပြုငွေကျပ်သန်း ၁၀၀ နဲ့ သိန်း ၁၀၀၀ နဲ့တည်ဆောက်ခဲ့တဲ့ သံကူကွန်ကရစ်တံတားဖြစ်ပါတယ်။ တံတားဖြတ်ကူးထားတဲ့ ဝဲစလင်ချောင်းရဲ့ဟိုဘက်ဒီဘက် နှစ်ဖက် စလုံးမှာ လမ်းအူကြောင်းတောင်ကောင်းကောင်းမရှိခဲ့သေးပါဘူး။ ဒီပုံကတော့ ၂၀၁၆ ခုနှစ် မတ်လမှာ တည်ဆောက်ပြီးစီးခဲ့တဲ့တံတားဟာ ဧပြီလ ၁၇ ရက်နေ့ ပထမဦးဆုံးအကြိမ် ဝဲစလင်ချောင်းရေကြီးခြင်း နှင့်အတူ ရေလယ်တိုင်ကျွံကျပြီးမှ ပျက်စီးခဲ့ရပါတယ်။ ဒါကတော့ ရေလယ်တိုင်ကျွံကျပြီးမှ ပျက်စီးခဲ့ရ ပါတယ်။ ဒီပုံတွေကိုကြည့်မယ်ဆိုလို့ရှိရင် တံတားမှာ ချဉ်းကပ်လမ်းတောင်မှ မလုပ်ရသေးပါဘူး။ အဲဒီလိုမလုပ်ရသေးတဲ့အခြေအနေမှာ ဒီတံတားပျက်စီးသွားရပါတယ်။ တံတားပေါင်နဲ့ ရေလယ် တိုင်ဒိုက်တွေ ကပ်ငြိနေခြင်းအားဖြင့် တံတားဟာ ရေလမ်းကင်းလွတ်အမြင့်လိုတယ်ဆိုတာတွေကို သာမန်အရပ်သားတွေတောင်မှ သိနိုင်ပါတယ်။ ဒါပေမဲ့ ဒီပုံကိုကြည့်မယ်ဆိုရင် တံတားကို ဖြတ်ကျော် သွားဖို့ ချဉ်းကပ်လမ်းတောင်မှ မလုပ်ရသေးတဲ့အခြေအနေမှာ တံတားဟာ ကျိုးကျပျက်စီးပြီးမှ ပြည်သူ့ဘဏ္ဍာ ငွေတွေ အဟောသိကံဖြစ်ခဲ့ရပါတယ်။ နောက်ဆက်တွဲအကျိုးဆက်အနေနဲ့ကတော့ အဲဒီဘေးမှာရှိတဲ့ လယ်တွေယာတွေ သဲဖုန်းပြီးမှပျက်စီးခဲ့ရပါတယ်။ Power Point ပိတ်လို့ ရပါပြီ။ ဒီတံတားကို ခုံအဖွဲ့တွေဖွဲ့ပြီးမှ သုံးကြိမ်သွားရောက်စစ်ဆေးခဲ့ပါတယ်။ သုံးကြိမ်သွားရောက်စစ်ဆေး ခဲ့ပေမဲ့လည်း မည်သို့မည်ပုံဖြစ်သည်မသိပါ။ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ရတာပါလို့ ဆုံးဖြတ်သွားပါတယ်။ ဒါကြောင့် ယခုလိုနောင်မဖြစ်ရအောင် တတိယအဖွဲ့အစည်းထားရှိပြီးမှ ဒီဇိုင်းကအစ အရည်အသွေးကို စစ်ဆေးဖို့ အဆိုရှင်ရဲ့တိုက်တွန်းချက်ကို ကျွန်တော့်အနေနဲ့ထောက်ခံ ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေတွေ အလဟဿဖြစ်သွားရခြင်းသည် ဒီဇိုင်းကြောင့်လား၊ Survey မလုပ်လို့လား။ Estimate မှာပါတဲ့ အတိုင်းမဆောင်ရွက်လို့လား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက အခြေခံစံနှုန်း Analysis Of Rate အတိုင်း မတွက်ချက်ထားလို့လား။ အခြေခံစံနှုန်းအတိုင်း တွက်ချက်ထားပါလျှက်နဲ့ တံတားတည်ဆောက်တဲ့ အထဲကို ရာနှုန်းပြည့်မရောက်လို့လားစသည်အား

ဖြင့် သံသယဝင်စရာလမ်းပေါင်းများစွာ ဖြစ်ပေါ်ခဲ့ရပါတယ်။ ဒါကြောင့် ဒီလိုအချိန်မတိုင်မီ ပျက်စီးဆုံးရှုံးရခြင်း၊ အရည်အသွေးမပြည့်မီခြင်းစတဲ့ပြဿနာ ရပ်တွေကို သုံးသပ်ဆုံးဖြတ်နိုင်ဖို့အတွက် Third Party ထားရှိခြင်းကို ဝမ်းမြောက်စွာကြိုဆိုရမှာဖြစ်သလို အဆိုရှင်တင်ပြထားတဲ့အတိုင်း မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဖို့ကိုလည်း ထောက်ခံအပ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများမှာတော့ လုပ်ငန်းနယ်ပယ်အားလုံးမှာ Third Party စနစ်ကို ထားရှိကြတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ လုပ်ငန်းနယ်ပယ်အသီးသီးမှာ Third Party စနစ်ထားရှိဖို့လိုအပ်နေသေးသလို ဒီစနစ်ကို ပြဋ္ဌာန်းစကာလဖြစ်လို့မို့ အားနည်းချက် တစ်စုံတစ်ရာရှိကောင်းရှိနိုင်ပါတယ်။ ဒါကြောင့်အဆိုရှင်တင်ပြခဲ့တဲ့ Third Party နဲ့ Owner Constructor တို့ရဲ့အကျိုးစီးပွား လုံးဝကင်းရှင်းရမယ်ဆိုတဲ့ စည်းကမ်းချက်လိုအပ်တယ်ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရ၊ လုပ်ငန်းအရ ဆက်နွယ်ပတ်သက်မှုမရှိခြင်းဟာ အကောင်းဆုံးအနေအထားဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ပုဂ္ဂလိက တည်ဆောက်ရေးကုမ္ပဏီများ၊ စစ်ဆေးရေး Third Party အဖွဲ့အစည်းများ စတဲ့ပုဂ္ဂလိကကဏ္ဍများကို နိုင်ငံတော်က အားပေးကူညီခြင်းအားဖြင့် တည်ဆောက်ရေးလုပ်ငန်းများရဲ့အရည်အသွေးတွေ တက်လာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေတိုးပွားလာမယ်လို့ ဆိုပါတယ်။ ဒီစနစ်ကိုအသုံးပြုတဲ့အတွက် အရေးကြီးတဲ့နောက်ထပ်အကျိုးကျေးဇူးကတော့ အကျင့်ပျက်ခြစားမှုကို ကာကွယ်နိုင်ခြင်းဖြစ်တယ်လို့လည်း ဆိုပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေတိုးပွားလာမယ့်အချက်ကိုတော့ ကျွန်တော် ထောက်ခံပါတယ်။ ကျန်တဲ့အချက်တွေကိုတော့ အပြည့်အဝမထောက်ခံရဲသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ လူတွေရှိရင်ပြဿနာတွေရှိနေတတ်ပါတယ်။ နောက်တစ်ချက်က ဘာကြောင့်လဲဆိုတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွေ၊ လာဘ်ပေးလာဘ်ယူဥပဒေတွေ၊ အခိုင်အမာရှိတဲ့ US တို့လို၊ UK တို့လိုနိုင်ငံတွေမှာတောင်မှ Third Party နဲ့ Counter Party တို့ရဲ့ ဒီ ပါတီနှစ်ခုမှာ ထွက်ပေါ်လာတဲ့ပြဿနာတွေကို အနိမ့်ဆုံးအဆင့်ရောက်အောင် လျှော့ချနေကြရတာဖြစ်ပါတယ်။ တတိယအဖွဲ့အစည်းတွေအနေနဲ့ အဖွဲ့အစည်းနဲ့ဆက်နွယ်မှုက ပေါ်ပေါက်လာတဲ့အဓိကအန္တရာယ်တွေကတော့ စီးပွားရေးလုပ်ငန်းတွေကို ရယူပေးနိုင်တဲ့အစိုးရအရာရှိကြီးတွေနဲ့ လာဘ်ပေးလာဘ်ယူမှုတွေ၊ မရိုးသားတဲ့လေလံဈေးနှုန်းစီမံမှုကတစ်ဆင့် စီမံလုပ်ငန်းမှာ တင်ဒါတို့ကတစ်ဆင့် အနှောင့်အယှက်ဖြစ်မှုတွေ၊ လုပ်ငန်းကျွမ်းကျင်လိမ္မာမှုနဲ့အခွင့်အရေးတွေကို လမ်းလွဲလိုက်တာတွေ၊ ဂုဏ်သတင်းထိခိုက်နစ်နာမှုတွေစတဲ့အကြောင်းအရာတွေကို ၂၀၁၄ ခုနှစ် Financier World Wide Magazine ရဲ့ Forum မှာဆွေးနွေးကြတာကို တွေ့ရဖူးပါတယ်။ နောက်တစ်ချက်ကတော့ တတိယအဖွဲ့အစည်းစစ်ဆေးခြင်းအစီအစဉ်နဲ့ပတ်သက်တဲ့ အခကြေးငွေနဲ့ကုန်ကျစရိတ်များကို လုပ်ငန်းရှင်ဌာနက ကုန်ကျသုံးစွဲရမှာဖြစ်တဲ့အတွက် တည်ဆောက်တဲ့အဆောက်အအုံ၊ လမ်း၊ တံတားတို့ရဲ့ကုန်ကျ စရိတ်တွေဟာ ယခင်ကထက် ပိုမိုများပြားလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကုန်ကျတဲ့တန်ဖိုးနဲ့ကိုက်ညီ တဲ့အရည်အသွေးကိုရရှိဖို့အတွက် Third Party နဲ့ပတ်သက်တဲ့လမ်းညွှန်ကို မှန်ကန်စွာကျင့်သုံးဖို့ အဆိုရှင်ရဲ့အဆိုကိုထောက်ခံအပ်ပါတယ်။ နောက်ဆုံးမှာတော့ Third Party စနစ်တည်ဆောက်ရေး လုပ်ငန်းတွေကို Third Party က ကန်ထရိုက်လုပ်ငန်းတွေကို ကြပ်မတ်ခြင်းနဲ့ အဆောက်အအုံ အာဏာပိုင်တွေက Third Party ကို ကြပ်မတ်ဆောင်ရွက်သွားမယ်ဆိုရင်တော့ အနိမ့်ဆုံးအထိ လျှော့ကျနိုင်တဲ့ အရိပ်

အယောင်ကို တွေ့လာရပါတယ်။ ဒါကြောင့်မို့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အလေးအနက်ထောက်ခံ ဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စိုးနွယ်အေး(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါရှင့်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးနွယ်အေးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေတဲ့နေရာမှာ အဆိုရှင် တင်ပြသွားတဲ့အတိုင်း အရည်အသွေးပြည့်မီစေရေး၊ အလေအလွင့်မရှိစေရေးအတွက် Third Party စနစ်ကို မှန်ကန်စွာကျင့်သုံးဆောင်ရွက်စေပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ ခေတ်အဆက်ဆက် ဝန်ကြီးဌာနများမှ ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်သော လမ်း၊ တံတား၊ အဆောက်အဦများ၊ ဆည်မြောင်း၊ တာတမံများစတဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ ဆောင်ရွက်ရတဲ့ အခါမှာ အလေအလွင့်မရှိစေဖို့အတွက် တိုင်းပြည်ဘဏ္ဍာအလဟဿဆုံးရှုံးလေလွင့်စေတဲ့ကိစ္စရပ်တွေရဲ့ အဓိကအကြောင်းအရင်းများကို သေသေချာချာသိမြင်သဘောပေါက်ပြီး အမြန်ဆုံးအကောင်အထည်ဖော် ကာကွယ်တားဆီးဖို့လို့အတွက် ထောက်ခံဆွေးနွေးအကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Third Party စနစ်ဆိုသည်မှာ ဝန်ကြီးဌာနများကဖြစ်စေ၊ ပုဂ္ဂလိကကဖြစ်စေ တာဝန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်းတွေကို အမှန်တကယ်ဆောင်ရွက်ခြင်းမရှိဟု ယူဆထားတဲ့ ကိုယ်စားလှယ်တွေကဖြစ်စေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေကဖြစ်စေ၊ ဒေသခံပြည်သူတွေက ဖြစ်စေ တိုင်ကြားလာမှုများပေါ်ပေါက်လာပါက ပြန်လည်စိစစ်ရာမှာ တာဝန်ယူရမယ့်စနစ်ကို ဆိုလိုပါတယ်။ Third Party စနစ်ကိုတာဝန်ယူရမယ့်ပုဂ္ဂိုလ်တွေဟာ များပြားလှတဲ့တည်ဆောက်ရေးလုပ်ငန်းတွေကို အရည်အသွေးပြည့်မီစေရေး၊ ဘဏ္ဍာငွေလေလွင့်ပြုန်းတီးမှုမဖြစ်စေရေး သတ်မှတ်စံချိန်၊ စံညွှန်း ပြည့်မီစွာဖြစ်ပေါ်စေရေးအတွက် ကြပ်မတ်စစ်ဆေးရမယ့် လွတ်လပ်စွာဖွဲ့စည်းထားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်တိုင်တည်ဆောက်၊ ကိုယ်တိုင်ဘတ်ဂျက်ပြင်ဆင်၊ ကိုယ်တိုင်အရည်အသွေးစိစစ်နေရတဲ့အခြေအနေတွေမှာ အရည်အသွေးပြည့်မီတဲ့၊ စံချိန်စံညွှန်းပြည့်မီတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဖြစ်လာမှာမဟုတ်တဲ့အပြင် အဂတိလိုက်စားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုစတဲ့ အဆိုးသံသရာတွေလည်စေမယ့် နောက်ဆက်တွဲဆိုးကျိုးတွေ မဖြစ်ပေါ်လာစေဖို့အတွက် Third Party စနစ်မှာ ပြင်ပကျွမ်းကျင်ပညာရှင်များအပြင်၊ ပြင်ပစာရင်းစစ်ပညာရှင်များ၊ ဥပဒေပညာရှင်များဖြင့် စနစ်တကျပြန်လည်ထိန်းကျောင်းသင့်ပါတယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Third Party စနစ်ကိုထားရှိပြီး Third Party Control စနစ်မှာ မှန်ကန်စွာဖြစ်ပေါ်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက တည်ဆောက်ရေးလုပ်ငန်းများနဲ့ ပတ်သက်၍ အပြန်အလှန်ထိန်းကျောင်းခြင်း(Check and Balance)များ ပြုလုပ်လိုပါက Third Party တွင်

ပါရှိသော ပုဂ္ဂိုလ်များကအလေးထားဆောင်ရွက်ပေးရမယ်လို့ အကြံပြုလိုပါတယ်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် Third Party Control စနစ်ကိုပိုမိုအားကောင်းလာစေမှာဖြစ်ပါတယ်။ ဥပမာတင်ပြရမယ်ဆိုရင် ကျွန်မတို့တံတားမဲဆန္ဒနယ်မြေမှာ ပြည်သူ့ဘဏ္ဍာငွေဖြင့်ဆောင်ရွက်မယ့် တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနမှတင်ဒါခေါ်ယူထားသော ကုမ္ပဏီများမှဖြစ်စေ တာဝန်ယူတည်ဆောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဒေသခံမဲဆန္ဒရှင်ပြည်သူများအား တာဝန်သိစိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖွဲ့စည်းစေပြီး ထိုအဖွဲ့အစည်းများကို တာဝန်ရှိ ပုဂ္ဂိုလ်များမှ ပွင့်လင်းမြင်သာမှုရှိစေရန် Estimate ပါအတိုင်း လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ရှင်းပြသည့် လုပ်ငန်းဆောင်ရွက်ရာမှာအသုံးပြုမည့် ပစ္စည်းအမျိုးအစားအရေအတွက်၊ ပစ္စည်းအမျိုးအစားတစ်မျိုးချင်းရဲ့ အရေအတွက်တွေကိုချပြပြီး ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်တဲ့အခါ Estimate ပါအတိုင်း ဆောင်ရွက်မှုအခြေအနေတွေ၊ မြေပြင်အခြေအနေတွေမှာတာဝန်သိပြည်သူများမှ၊ လေ့လာစောင့်ကြည့်ရေးပြည်သူများမှ မြေပြင်အခြေအနေနဲ့ကွဲလွဲနေတာတွေကို တွေ့ရှိရပါတယ်။ အဲဒီလိုကွဲလွဲနေတဲ့အခါမှာ သက်ဆိုင်ရာကိုယ်စားလှယ်များကိုတင်ပြပြီး ကိုယ်စားလှယ်များမှ Third Party ကို Check and Balance ပြုလုပ်နိုင်စေရန် တင်ပြမှုတွေပေါ်ပေါက်လာတဲ့အခါမှာ Third Party တွင်ပါဝင်သော ပုဂ္ဂိုလ်များက အရည်အသွေးထိန်းချုပ်မှု၊ Quality Control စစ်ဆေးမှုသာ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြထားတဲ့ Third Party တွင်ပါဝင်ရမယ့် ကျွမ်းကျင်ပညာရှင်များအပြင် ပြင်ပစာရင်းစစ်ပညာရှင်များနှင့် ဥပဒေပညာရှင်များမှသာ အရည်အသွေးနှင့်စာရင်းဇယားကွဲလွဲမှုအပေါ်မှာ ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်ရှင့်။ သို့ပါသောကြောင့်မို့လို့ ဒီအဆိုရှင် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းခဲ့တဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံးနိုင်စေရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မင်း(ဇလွန်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ဇလွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း ဖြစ်ပြီး ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အကြံပြုထောက်ခံသွားမှာဖြစ်ပါတယ်။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုရဲ့အဓိကရည်ရွယ်ချက်က နိုင်ငံတော်ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေအားလုံးကို စံချိန်စံညွှန်းနဲ့ ညီညွတ်ပြီး အရည်အသွေးပြည့်ဝတဲ့လုပ်ငန်းတွေဖြစ်စေဖို့၊ ကုန်ကျစရိတ်တွေမှန်ကန်ဖို့နဲ့၊ မလိုလားအပ်တဲ့အလွဲသုံးစားမှုနဲ့ မသမာမှုတွေကို ကာကွယ်တားဆီးနိုင်စေရေးအတွက် အရည်အသွေးစိစစ်ရေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်နိုင်ရေးပဲဖြစ်ပါတယ်။ ဒီလိုကောင်းမွန်တဲ့ရည်ရွယ်ချက်ဖြင့် တင်သွင်းလာတဲ့အဆိုဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဖြည့်စွက်ထောက်ခံအကြံပြုရခြင်းပဲ ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့ကတော့ အရည်အသွေးစစ်ဆေးရေးလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်နိုင်ဖို့အတွက် အခြေခံလိုအပ်ချက်တွေပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆောက်လုပ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းတွေအတွက် အရည်အသွေးစစ်ဆေးရာမှာ သတ်မှတ်ထားတဲ့စံချိန်စံညွှန်းကတော့ Myanmar National Building Code ဖြစ်ပါတယ်။ BQ မှာပါရမယ့်အချက်တွေက အဲ့ဒီငါးချက် ပြည့်စုံရမှာဖြစ်ပါတယ်။ လက်တွေ့မှာဒီလိုအချက်တွေနဲ့မပြည့်စုံတာတွေ့ရသလို အချက်အလက်တွေမှာပါပေမဲ့လည်း လက်တွေ့တည်ဆောက်တဲ့နေရာမှာ MNBC လို့ခေါ်တဲ့ Myanmar National Building Code အတိုင်း BQ ပါအတိုင်းမဆောင်ရွက်တာတွေတွေ့နေရတဲ့အတွက် ဒီကနေ့ ကျွန်တော်တို့ဖြစ်ပေါ်နေတဲ့ အရည်အသွေးမပြည့်ဝမှုတွေ၊ စံချိန်စံညွှန်းမပြည့်မီမှုတွေဖြစ်ပေါ်နေခြင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ တည်ဆောက်ရေးကန်ထရိုက်စာချုပ်တစ်ခုမှာ ပူးတွဲပါရှိရမယ့်အချက်ပဲ ဖြစ်ပါတယ်။ များသောအားဖြင့် သဘောတူစာချုပ်ဆိုပြီး အပေါ်က တစ်စောင်တည်းပဲရှိပါတယ်။ အောက်က ၂၊ ၃၊ ၄ ဟာ မရှိတာတွေ့ရပါတယ်။ ဒီဟာလည်း ကန်ထရိုက်စာချုပ်တစ်ခုမှာ ပူးတွဲပါဖို့ ပါကိုပါသင့်တဲ့အချက် တွေပဲဖြစ်ပါတယ်။ အဲဒီတော့ အထွေထွေစည်းကမ်းချက်များဆိုရင် နမူနာတစ်ခု ပြောပြရမယ်ဆိုရင် အောက်ခြေအုတ်မြစ်တူးဖော်ခြင်းနှင့် ဒီအုတ်မြစ်တူးဖော်ပြီးတော့ ပြန်လည်ဖို့တဲ့ အခါမှာ တူးဖော်ခြင်းနှင့်ပြန်လည်ဖို့ခြင်းဆိုပြီးမှ သတ်မှတ်ချက်ရှိပါတယ်။ အဲဒီ လုပ်ငန်းစဉ်ကို ကန်ထရိုက်တာကဆောင်ရွက်မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာလုပ်ငန်းရှင်၊ အပ်နှံတဲ့သူကိုခေါ်ပြပြီးတော့မှ တူးတာလည်းစံချိန်စံညွှန်းအတိုင်း၊ အောက်ခြေမှာ Foundation လုပ်တာကိုလည်း စံချိန်စံညွှန်း အတိုင်းနှင့်ပြသပြီးမှသာလျှင် ပြန်လည်ဖုံးအုပ်ရမှာဖြစ်ပါတယ်။ အလားတူပဲ ဆောက်လုပ်ရေး လုပ်ငန်းစဉ် အချိန်ဇယား၊ နောက်တစ်ခု က ဌာနအလိုက်သီးခြားသတ်မှတ်ထားတဲ့စံချိန်စံညွှန်းဆိုတာ နမူနာအားဖြင့်ပြောပြရမယ်ဆိုရင် ဆေးရုံတွေမှာပါ။ ဆေးရုံအဆောက်အအုံတွေမှာပါရှိတဲ့ ခွဲခန်း တွေ၊ နောက်တစ်ခုက ခွဲစိတ်ခန်းတွေမှာဆိုရင် အတွင်းနံရံတွေဟာ Plain ဖြစ်ရမှာပါ။ ဒါပေမဲ့ လက်တွေ့မှာမရှိတာတွေ အများကြီးပဲဖြစ်ပါ တယ်။

နောက် ဆောက်လုပ်ရေးလုပ်ငန်းစဉ်အချိန်ဇယားကို ရှင်းပြလိုပါတယ်။ ဒါကတော့ ဆောက်လုပ်ရေးလုပ်ငန်းစဉ်အချိန်ဇယားတစ်ခုပဲဖြစ်ပါတယ်။ အဲဒီအချိန်ဇယားမှာ ဆောက်လုပ်ရေးလုပ်ငန်းတိုင်း ဆောက်လုပ်ရေးလုပ်ငန်းတိုင်းဟာ MNBC ရဲ့သတ်မှတ်ချက်အရ ပြီးစီးရမယ့်အချိန်၊ ကြာမြင့်ရမယ့် အချိန် သတ်မှတ်ချက်ရှိပါတယ်။ ဒီသတ်မှတ်ချက်တွေနဲ့အညီသာလျှင် ဆောက်လုပ်ရေးလုပ်ငန်းစဉ် အချိန်ဇယားကို ရေးဆွဲရမှာဖြစ်သလို အဲဒီလုပ်ငန်းစဉ်အချိန်ဇယားမှာလည်း ဘယ်အချိန်မှာစစ်ဆေး ခြင်းလုပ်မယ်။ ဘယ်အချိန်မှာငွေပေးချေခြင်းလုပ်မယ်ဆိုတာကိုလည်း ဖော်ပြထားရမှာဖြစ်ပါတယ်။ အဲဒီတော့ စစ်ဆေးသူများဟာ ဒီဆောက်လုပ်ရေးလုပ်ငန်းစဉ်အချိန်ဇယားကို အခြေခံပြီးတော့မှ စစ်ဆေးမှသာလျှင် စဆောက်ကတည်းက အရည်အသွေးပြည့်ဝတဲ့အဆောက်အဦတစ်ခု စံချိန်စံညွှန်းနဲ့ ပြည့်မီတဲ့အဆောက်အဦတစ်ခုဖြစ်မှာပါ။

ဒါကတော့ စစ်ဆေးရေးအစီရင်ခံစာတွေပဲဖြစ်ပါတယ်။ ဒီအဆောက်အဦနဲ့ပတ်သက်တဲ့ဟာက တစ်ထပ် RC အဆောက်အဦဖြစ်ပြီးတော့ တည်ဆောက်ရေးကာလ ခြောက်လသတ်မှတ်ထားပါတယ်။ လစဉ်စစ်ဆေးသွားတဲ့ စစ်ဆေးချက်အစီရင်ခံစာတွေပဲ ဖြစ်ပါတယ်။ ဒီ စက်တင်ဘာလ၊

အောက်တိုဘာလ၊ နိုဝင်ဘာလ။ ဒါသုံးလစပါတယ်။ နိုဝင်ဘာလမှာ First payment ကို မင်နီနဲ့ ဝိုင်းထားတာ ဖြစ်ပါတယ်။ ပြီးလို့ရှိရင် ဆက်စစ်သွားပါတယ်။ ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ။ ဖေဖော်ဝါရီလမှာဆိုရင် ကျွန်တော်တို့က ဒုတိယအရစ်နဲ့ တတိယအရစ်ကိုပေးချေထားပါတယ်။ အဲဒီ အစီရင်ခံစာတစ်ခုမှာ ဘာတွေပါသလဲဟေ့ဆိုလို့ရှိရင် အသေးစိတ်ပြီးစီးမှု၊ နောက်တစ်ခုက ခာတ်ပုံ မှတ်တမ်း၊ နောက်တစ်ခါစစ်ဆေးတဲ့နေ့၊ ငွေပေးချေတဲ့နေ့ ဒါတွေဟာပါရှိပါတယ်။ အဲသလို စနစ်တကျ ဆောင်ရွက်မှသာလျှင် ကျွန်တော်တို့ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေရဲ့ပြီးစီးမှုကို မျက်ခြေမပြတ် အရည်အသွေးပြည့်မီဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီစစ်ဆေးဖို့အစီရင်ခံစာနဲ့ စစ်ဆေးမှုဟာ တစ်ခြားမဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာရေဘေးကြောင့် ပျက်စီးသွားတဲ့ကျောင်းတွေ ကို JICA အကူအညီနဲ့ တည်ဆောက်တဲ့အခါမှာ JICA နဲ့ အခြေခံပညာဦးစီးဌာနပူးပေါင်းပြီး ဆောင်ရွက်နေတဲ့စစ်ဆေးမှုအစီရင်ခံစာတွေပဲဖြစ်ပါတယ်။ အဲဒီလို နမူနာကောင်းတွေ ရှိနေရဲ့သားနဲ့ ကျွန်တော်တို့ဒီနေ့မှာ ဒီနမူနာအတိုင်း လက်ရှိလုပ်ဆောင်နေတာကို မတွေ့ရဘူးဖြစ်ပါတယ်။ အဲဒီတော့ JICA အနေနဲ့ ဒီစစ်ဆေးမှုလုပ်ငန်းစဉ်အားလုံးအတွက် Third Party လို့ပဲခေါ်ခေါ်၊ တကယ့် BQ Professional Fund တစ်ခုကိုငှားရမ်းပြီးတော့ ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။

နောက် ဒုတိယအချက်တင်ပြချင်တာကတော့ ပွင့်လင်းမြင်သာမှုပဲဖြစ်ပါတယ်။ ဘတ်ဂျက် ပွင့်လင်းမှုနဲ့ပတ်သက်လာရင် ကျွန်တော်တို့လွှတ်တော်မှာလည်း ကိုယ်စားလှယ်တွေကလည်း လွှတ်တော်ကြီးကလည်းဆွေးနွေးနေတယ်။ လာရောက်ဖြေကြားတဲ့ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်တွေကလည်း ဆွေးနွေးနေပါတယ်။ ဒါပေမဲ့ တကယ်အဲဒီဘတ်ဂျက် ပွင့်လင်းမြင်သာမှုဟာ အောက်ခြေကိုရောက်နေပါပြီလား။ တင်ဒါခေါ်ယူမှုတွေ၊ ပစ္စည်းဝယ်ယူမှုတွေမှာ ဘယ်လောက် ပွင့်လင်းမြင်သာမှုတွေရှိသလဲဆိုတာကို မေးခွန်းထုတ်ရမယ့်အနေအထားတွေပဲဖြစ်ပါတယ်။

တတိယအချက်ကတော့ တာဝန်ယူ၊ တာဝန်ခံမှုပဲဖြစ်ပါတယ်။ ဒီအချက်အနေနဲ့ပတ်သက်လို့ ကတော့ ကျွန်တော့်အနေနဲ့ ရှေ့ကကိုယ်စားလှယ်များ ဆွေးနွေးသွားပြီးဖြစ်တဲ့အတွက် အကျယ်ရှင်းပြ လိုခြင်းမရှိတော့ပါဘူး။ ဒါကြောင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေ အရည်အသွေးပြည့်ဝဖို့၊ ကုန်ကျစရိတ်မှန်ကန်ဖို့နဲ့ မသမာမှု၊ အလွဲသုံးစားမှုတွေမဖြစ်စေဖို့အတွက် BQ လုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်နိုင်ဖို့အတွက် (၁)စံချိန်စံညွှန်းသတ်မှတ်ချက်တွေ၊ (၂)ပွင့်လင်းမြင်သာမှုတွေ၊ (၃)တာဝန်ခံ၊ တာဝန်ယူမှုဆိုတဲ့အချက်တွေ လိုအပ်မယ်ဖြစ်ပါကြောင်း ဖြည့်စွက်အကြံပြုဆွေးနွေးရင်း ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးက အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေး အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော် (ခ) ဦးဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုအပေါ်ကို အချက်လေးချက် အကြံပြုရင်းနဲ့ ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးအချက်အနေနဲ့ကတော့ ၁၄-၁၁-၂၀၁၇ ရက်နေ့ ရက်စွဲနဲ့ထုတ်ပြန်တဲ့

ဒီဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနကနေ ထုတ်ပြန်လိုက်သော မူဝါဒနှင့် သိကောင်းစရာများဆိုတဲ့ စာစောင်။ ဒီစာစောင်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ အဆောက်အဦ ဦးစီးဌာနဟာ နောက်ပိုင်းမှာဆိုလို့ရှိရင်တော့ ဆောက်လုပ်ရေးဆိုင်ရာထိန်းကွပ်ရေးအဖွဲ့အစည်း (Construction Regulatory Body) အဖြစ် ဆောင်ရွက်သွားဖို့ ရည်မှန်းဆောင်ရွက်နေတယ်ဆိုတဲ့ အချက်လေးကို တွေ့ရှိရတဲ့အတွက် ဒီဟာကိုတော့ ကြိုဆိုပါကြောင်း ပထမဦးစွာတင်ပြလိုပါတယ်။ သို့သော် အချက်တစ်ချက်တော့ရှိပါတယ်ခင်ဗျား။ အဲဒါကတော့ ဘာလဲဆိုတော့ QC အတွက်ဆိုလို့ ရှိရင် တင်ဒါအောင်မြင်သောအဖွဲ့အစည်းများက ရာခိုင်နှုန်းတစ်ခုပေးသွင်းထားရတာရှိပါတယ်။ အဲဒီတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ဒီ QC အတွက် ရာခိုင်နှုန်းယူပြီးသွားတော့မှ ထိန်းသိမ်းကြပ်မတ်နေခြင်းသည် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်ကော ညီ/မညီဆိုတဲ့အချက် လေးကိုတော့ ကျွန်တော့်အနေနဲ့ မေးခွန်းထုတ်လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုလက်ရှိအနေ အထားမှာဆိုလို့ရှိရင်လည်း QC လျှော့ထားခြင်းမရှိတဲ့နေရာတွေမှာဆိုရင် ဆောက်လုပ်ရေးဝန်ကြီး ဌာနကနေပြီးတော့ တာဝန်ယူပြီးသွားတော့မှ အရည်အသွေးစစ်ဆေးတဲ့လုပ်ငန်းပိုင်းတွေကို လုပ်ကိုင် ဆောင်ရွက်ပါတယ်။ အဲဒီတော့ ဒီ QC အတွက် ပေးလိုက်ရတဲ့ပိုက်ဆံတွေက ဘယ်ကိုရောက်တာလဲ ဆိုတဲ့ မေးခွန်းတွေလည်း ထွက်လာလို့ပါ။ အဲဒီအတွက်ကြောင့်မို့လို့ ဒီဟာလေးကိုတော့ ကျွန်တော့် အနေနဲ့ ပထမဦးဆုံးအချက်အနေနဲ့ မေးခွန်းထုတ်လိုပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ MEs နဲ့ပတ်သက်ပြီးသွားတော့ ဖျာပုံမဲဆန္ဒနယ်က ဦးဝင်းထွဋ်ရော၊ နောက်ပြီးသွားတော့ BRCCA နဲ့ပတ်သက်ပြီးသွားလို့ သနပ်ပင်မဲဆန္ဒနယ်က လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြင့်ဦးကရော အကျယ်တဝင့်ဆွေးနွေးထားပြီးသားဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ အကျဉ်းချုပ်ပြီးတော့ ပြောချင်ပါတယ်။ BMESR ဖွဲ့ပေးထားတဲ့ အဖွဲ့ပဲဖြစ်ဖြစ်၊ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ကနေ ဖွဲ့ထားပေးတဲ့ BRCCA ပဲဖြစ်ဖြစ် ဒီဟာတွေက သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းလို့ ကျွန်တော်တို့ ပြောဖို့ နည်းနည်းခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Conflict of Interest လို့ပြောလို့ရတဲ့ အကျိုးစီးပွားချင်းမှာ လာရောက်တိုင်ဆိုင်နေတာမျိုးတွေရှိပါတယ်။ အဲဒီတော့ ဒီ QC အဖွဲ့တွေကို Third Party အနေနဲ့ ဖြစ်စေချင်တယ်ဆိုတာက လုပ်ငန်းအပ်နှံသူရော၊ လုပ်ငန်းအကောင်အထည်ဖော်သူရော နှစ်ခုလုံးရဲ့ကြားထဲမှာ သီးခြားကင်းလွတ်တဲ့အဖွဲ့အစည်းကို ကျွန်တော်တို့ လိုချင်တာပါ။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့တွေသည် ဒီလုပ်ငန်းကို ဆောင်ရွက်ဖို့အတွက်ကလည်း နိုင်ငံတော်သမ္မတရုံးကနေ ထုတ်ပြန်ထားတဲ့(၁/၂၀၁၇) အပိုဒ် ၄ မှာ ပါပါတယ်။ မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရ၊ လုပ်ငန်းအရ ပတ်သက်ခြင်းကိစ္စတွေကို ရှောင်ကြဉ်ရမယ်ဆိုတာမျိုးလေးတွေ ပါထားပြီးသားဖြစ်တဲ့အတွက် ကျွန်တော်တို့တွေအနေနဲ့ကတော့ အမှန်တကယ်ကို သီးခြားလွတ်လပ်သော Third Party တွေပေါ်ထွန်းလာဖို့ကို ဒုတိယအချက်အနေနဲ့ တိုက်တွန်းလိုခြင်းဖြစ်ပါတယ်။

တတိယအချက်ကတော့ ဒီအချက်နှင့်လည်း ဆက်စပ်ပါတယ်။ ဘာဖြစ်လို့ ကျွန်တော်တို့က သီးခြားလွတ်လပ်တဲ့အဖွဲ့အစည်းတွေနဲ့ဖြစ်စေချင်တာလဲ။ QC အနေနဲ့ဆိုလို့ရှိရင် အခုလက်ရှိအနေ အထားမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုနှင့်တစ်ခု ကောက်ခံပုံချင်းမတူကြပါဘူး။ ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ရခိုင်ပြည်နယ်မှာဆိုလို့ရှိရင်တော့ ရခိုင်ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲမှုကနေ

ပြီးတော့ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ ငါးရာခိုင်နှုန်းကောက်ပါတယ်။ ရန်ကုန်တို့၊ နေပြည်တော်တို့မှာဆိုလို့ရှိရင်တော့ နှစ်ရာခိုင်နှုန်းကောက်ပါတယ်။ ဆိုတော့ ဒီလောက် ရာခိုင်နှုန်းတွေကောက်ထားပေမဲ့ သူတို့တွေသည် အရည်အသွေးစံချိန်စံညွှန်းပြည့်မီခြင်းရှိ/မရှိ ဒီဟာကိုပဲ စိစစ်ရမှာလား။ သူတို့တွေမှာရော ဘာမှတာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘူးလား။ ကျွန်တော်တို့ နိုင်ငံတကာရဲ့ လုပ်ထုံးလုပ်နည်းတွေကို လိုက်လံလေ့လာကြည့်တဲ့အခါမှာတော့ QC ရဲ့ရာခိုင်နှုန်းကို အတိုင်းအတာတစ်ခုအထိကို ယူပါတယ်။ သို့သော် စာချုပ်ထဲမှာ ဒီအဆောက်အဦတစ်ခုဟာ သုံးနှစ်ခံရမယ်ဆိုလို့ရှိရင် ဒီ QC ကုမ္ပဏီက သုံးနှစ်ခံဖို့အတွက်ကို စစ်ဆေးပြီးသွားတော့မှ သုံးနှစ်ခံနိုင်တယ်လို့ အာမခံတော့မှ လက်မှတ်ထုတ်ပေးလိုက်တယ်။ အကယ်၍များ သုံးနှစ်အတွင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲနဲ့ ပြိုလဲပျက်စီးသွားတယ်ဆိုရင် QC ကုမ္ပဏီကို ရာခိုင်နှုန်းအပြည့်လျော်ခိုင်းတာက နိုင်ငံအတော်များများမှာ ကျင့်သုံးပါတယ်။ ရာခိုင်နှုန်းအချိုးအစားတစ်ခုထပ်ပြီးတော့ ထည့်ဝင်ပြီးသွားတော့ ပြန်လည်ပြီးတော့ ပြုပြင်တည်ဆောက်ပေးရတာက အချို့နိုင်ငံတွေမှာ ကျင့်သုံးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာကတော့ စစ်ဆေးခြင်းသာရှိပြီးသွားတော့မှ တာဝန်ခံမှုမရှိတဲ့အနေအထားလေးဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့တွေက ဒီ Third Party တွေအနေနဲ့ အမှန်တကယ်ကို ကြပ်ကြပ်မတ်မတ်လုပ်ကိုင်ဆောင်ရွက်စေလိုတယ်ဆိုရင် သူတို့ကိုလည်း တာဝန်ယူမှု၊ တာဝန်ခံမှုဆိုတဲ့အချက်အလက်လေးတွေ ထည့်သွင်းပေးဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ တတိယအချက်အနေနဲ့ ဆွေးနွေးလိုခြင်းဖြစ်ပါတယ်။

နောက်ဆုံးစတုတ္ထအချက်ပါ။ ဒီဟာကတော့ ဘာလဲဆိုတော့ ကျွန်တော်တို့တွေက တင်ဒါခေါ်ပြီးသွားတော့မှ တင်ဒါပေးပြီးလုပ်ကိုင်ဆောင်ရွက်နေတဲ့ ပြင်ပလုပ်ငန်းတွေကိုတော့ ကျွန်တော်တို့ အထူးအားစိုက်ပြီးသွားတော့ လေ့လာကြပ်မတ်ပါတယ်။ သို့သော် ဝန်ကြီးဌာနကိုယ်တိုင် အကောင်အထည်ဖော်တဲ့လုပ်ငန်းတွေအပေါ်မှာ ကြပ်မတ်မှုကတော့ အင်မတန်အားနည်းပါတယ်။ ဥပမာအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာန၊ နောက်ပြီးတော့ စည်ပင် အစရှိသဖြင့် ဒီဝန်ကြီးဌာနတွေက ကိုယ့်လုပ်ငန်းကို ကိုယ့်ဖာသာကိုယ် အကောင်အထည်ဖော်ပါတယ်။ ဆိုတော့ ကျွန်တော် ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် အဆောက်အဦတစ်ခုက သိန်း ၁၀၀၀ အနေနဲ့ ပြည်ထောင်စုလွှတ်တော်ကြီးက ရန်ပုံငွေချမှတ်ပေးလိုက်တယ်ဆိုရင် တင်ဒါခေါ်လိုက်တယ်ဆိုလို့ရှိရင်တောင်မှ တင်ဒါကုမ္ပဏီတွေက အပြိုင်အဆိုင်တင်ဒါဆွဲကြတဲ့အတွက်ကြောင့်မို့လို့ သိန်း ၉၀၀ လည်းဖြစ်သွားနိုင်တယ်။ သိန်း ၈၀၀ လည်းဖြစ်သွားနိုင်တယ်။ ဈေးလျော့သွားနိုင်တယ်။ ပြည်သူ့ဘဏ္ဍာသက်သာနိုင်တယ်။ သို့သော် ဝန်ကြီးဌာနကသာ အကောင်အထည်ဖော်တယ်ဆိုလို့ရှိရင် သိန်း ၁၀၀၀ အပြည့်သုံးပါတယ်။ တစ်ခါတလေကျလို့ရှိရင် ငွေကြေးဖောင်းပွမှုတို့၊ လောင်စာဆီဈေးမြင့်မှုတို့၊ နောက်ပြီးသွားတော့ ဒီ Structure ပုံစံပြောင်းတာတို့ ဒါတွေကိုအကြောင်းပြပြီးသွားတော့ BQ ထပ်ဆွဲပြီးတော့ ထပ်တောင်းတာမျိုးတွေတောင်ရှိပါတယ်။ အဲဒီတော့ ဒီလောက် ပြည်သူ့ဘဏ္ဍာတွေကို အမြောက်အများသုံးစွဲနေတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတွေရဲ့ အရည်အသွေးပိုင်းကိုစစ်ဆေးဖို့ဆိုတဲ့နေရာမှာလည်း ကိုယ်ကိုယ်တိုင်ပုံစံဆွဲ၊ ကိုယ်ကိုယ်တိုင်ဆောက်ပြီးတော့ ကိုယ်ကိုယ်တိုင်စစ်တာထက်စာရင် လုံးဝကင်းလွတ်နေသော Third Party ကနေမှ တစ်ဆင့်သာ ထိန်းချုပ်စောင့်ကြည့်နိုင်မယ်ဆိုရင် ပြည်သူ့ဘဏ္ဍာအလေအလွင့်တွေကို ကျွန်တော်တို့

ထိန်းသိမ်းနိုင်မှာဖြစ်တဲ့အတွက် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းထားတဲ့အဆိုကို အထက်ဖော်ပြပါအချက်လေးချက်နဲ့ လေးလေးနက်နက်ထောက်ခံလိုက်ရကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းထားတဲ့ နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ပြည်ထောင်စုဝန်ကြီးဌာနအားလုံး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့အားလုံးတို့မှ ပေးပို့လာသောအချက်အလက်များနှင့်ပေါင်းစပ်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Third Party Inspection Programme ဆိုတာကတော့ စီမံကိန်းမှာ ပါဝင်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းအားလုံးနှင့်မပတ်သက်ဘဲနဲ့ စစ်ဆေးဖို့အသိအမှတ်ပြုထားတဲ့ အဖွဲ့အစည်းတစ်ခု အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စစ်ဆေးခြင်း အစီအစဉ်ဖြစ်ပါတယ်။

ဒီနေရာမှာ အဆိုကို ထောက်ခံဆွေးနွေးသွားကြတဲ့ ဒေါ်နန်းထွေးသူမှစပြီးတော့ ဦးဖြိုးဇေယျာသော်ထိ ကိုယ်စားလှယ် ၁၅ ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ဒီထောက်ခံဆွေးနွေးတဲ့နေရာမှာလည်းပဲ သူတို့အနေနဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေကို အရည်အသွေးကောင်းမွန်စေရေးအတွက်ကို ထောက်ခံဆွေးနွေးသွားတဲ့အတွက် မိမိတို့ဒေသရဲ့အတွေ့အကြုံတွေ၊ ကမ္ဘာကနေပြီးတော့ ပြဋ္ဌာန်းထားတဲ့စည်းမျဉ်းစည်းကမ်းတွေကို ထောက်ပြပြီးတော့ ဆွေးနွေးသွားတဲ့အတွက် ကိုယ်စားလှယ် ၁၅ ဦးစလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ကိုယ်စားလှယ်များ ဆွေးနွေးသွားချက်များကိုလည်း မှတ်သားပြီးတော့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ လိုက်နာဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီနေရာမှာ မေးခွန်းလေးမေးမြန်းထားတဲ့ ကိုယ်စားလှယ်တော်ကြီး ဦးဖြိုးဇေယျာသော်ရဲ့ QC နဲ့ပတ်သက်တဲ့မေးခွန်းကိုတော့ ကျွန်တော်သီးခြားပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ Third Party နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ပြန်ပြီးတော့

ရှင်းလင်းတင်ပြရရင် First Party ဆိုတာ Owner ဖြစ်ပါတယ်။ ကန်ထရိုက်လုပ်ငန်းရဲ့ပိုင်ရှင်သည် First Party ဖြစ်ပါတယ်။ Second Party ဆိုတာက ကန်ထရိုက်တာဖြစ်ပါတယ်။ Owner နှင့် ကန်ထရိုက်တာကြားမှာ တာဝန်ယူဆောင်ရွက်ပေးမယ့် အင်ဂျင်နီယာလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်ပေးမယ့် အဖွဲ့အစည်းဟာ Third Party ဖြစ်ပါတယ်။ ဒါကိုလည်း Consultant လို့လည်း ခေါ်ယူပါတယ်။ အဲဒီတော့ ဒီနေရာမှာ Third Party ဖြစ်တဲ့ Consultant တွေက ဘာတွေဆောင်ရွက်ပေးမလဲ။ ဘာကို စိစစ်ပေးမလဲဆိုတဲ့အချက် အဲဒါကလိုလာပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ Structural Design တွေက၊ ဗိသုကာဒီဇိုင်းနာတွေက သူတို့ကတော့ Spec ကို ASTM ကိုအခြေပြုမယ်။ သို့မဟုတ်ရင်လည်း Myanmar National Building Code, B.S Code ဒါမှမဟုတ်ရင်လည်း ဂျပန် (JIS)၊ အိန္ဒိယ Code တို့ အစသဖြင့် Refer လုပ်ပြီးဆွဲတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က Third Party စနစ်နဲ့ ကျင့်သုံးမယ်ဆိုရင်လို့ရှိရင်တော့ အရေးကြီးတာ QA ဟာ အရေးကြီးလှပါတယ်။ အဲဒီတော့ QA, QC ဆိုတာ တချို့ကလည်း QC, QA ဆိုပြီးတော့ မှားပြီးတော့ ပြောတာလေးတွေရှိပါတယ်။ QA, QC နဲ့ပတ်သက်ပြီးတော့ အနည်းငယ် ရှင်းပြခွင့်ပြုပါခင်ဗျား။ QA ဆိုတာက Quality Assurance ဖြစ်ပါတယ်။ Quality Assurance ဆိုတာက တချို့ကလည်း Quality Assurance နဲ့မှားနေပါတယ်။ Quality ကို အာမခံခြင်းဆိုပြီးတော့ QA ကို အဲဒီလိုမျိုး လွဲနေတာလေးတွေရှိပါတယ်။ အဲဒီတော့ Quality Assurance ဆိုတာ အရင် ဆောင်ရွက်ပါမယ်။ Quality Assurance ဆိုတာက ဒီအဆောက်အဦမှာ ဗိသုကာ Drawing ရှိပါတယ်။ Structure Drawing တွေရှိပါတယ်။ တည်ဆောက်မယ့် ကန်ထရိုက်တာက ဗိသုကာ Drawing၊ Structure Drawing တွေနဲ့ တည်ဆောက်ကာ အပြင်ကို Owner အနေနဲ့ သူဘာလိုချင်လဲ Quality ကို ဘယ်အဆင့်အထိ လိုချင်လဲဆိုတာ ဥပမာအားဖြင့်ပြောရရင် အုတ်က ဘယ်အမျိုးအစားအုတ်ကိုသုံးမှာလဲ။ ဘိလပ်မြေက ဘယ်အမျိုးအစားဘိလပ်မြေကို သုံးမှာလဲ။ သံချောင်း ဘယ်လိုအမျိုးအစားသုံးမှာလဲ။ ပါကေးခင်းမယ်ဆိုရင် ဘယ်လောက်ထု၊ ဘယ်လောက်ထု။ ဘယ်လိုအမျိုးအစားသုံးမှာလဲ။ အဲဒီမှာပဲ ကြေးပေါင်တွေဆိုရင် ကျွန်းသုံးမှာလား၊ ပျဉ်းကတိုးသုံးမှာလား။ ပလတ်စတစ်သုံးမှာလား။ အဲဒါမျိုးတွေ ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။ တံခါးရွက်တွေဆိုရင်လည်း ကျွန်းလား၊ ပျဉ်းကတိုးလား။ PVC လား ဒါမှမဟုတ်လို့ရှိရင်လည်း ဘယ်လိုအမျိုးအစားမျိုးသုံးမှာလဲ။ ဒီအတိုင်းပါပဲ။ ရေသန့်၊ လျှပ်စစ်လိုပစ္စည်းမျိုး။ ဒါတွေဟာလည်းပဲ ကျွန်တော်တို့ ဘယ်လိုအမျိုးအစားမျိုးသုံးမှာလဲဆိုတာကို ကျွန်တော်တို့က အရင်ဆုံး QA မှာ ရေးဆွဲထားပြီးတော့မှ အဲဒီ QA အတိုင်း လုပ်၊ မလုပ်ကို QC အဖွဲ့အစည်း၊ အခုနက Third Party အဖွဲ့အစည်းတွေက Quality Control စစ်တဲ့အခါမှာ ဒီအတိုင်းလုပ်၊ မလုပ်ကို စစ်ဆေးရတာ ကျွန်တော်တို့အဲဒါတွေသည် QA, QC လုပ်ငန်းများဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ဟာ QC အတွက်ကို Checklist တွေ ကျွန်တော်တို့ပေးရမှာဖြစ်ပါတယ်။ Checklist ကျွန်တော်တို့က ဘယ်လိုပုံစံမျိုးနဲ့ စစ်ဆေးရမယ်။ ဒါမှမဟုတ်လို့၊ အဲဒါမျိုးမှမဟုတ်ဘူးဆိုရင်တော့ အခုနကပြောတဲ့ Third Party ဆိုတာ အခုနက ကိုယ်စားလှယ်တော်ကြီးများ ထောက်ပြသွားသလို မျက်လုံးနဲ့သွားစစ်တယ်။ မှန်ကန်ပါတယ်ဆိုပြီး ထောက်ပေးလိုက်တယ် စသည်ဖြင့် ဒီလိုလုံးချာလည်နေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလုံးချာလည်နေတဲ့စနစ်ကြီးကို မှန်ကန်တဲ့စနစ်၊ ဒီထဲမှာလည်း ကိုယ်စားလှယ်တော်တော်များများ ထောက်ပြသွားပါတယ်။ မှန်ကန်တဲ့စနစ်ဖြစ်ဖို့ မှန်ကန်စွာကျင့်သုံး

နိုင်ရေးဆိုတဲ့အချက်။ အဲဒီနေရာမှာ ဒါကြောင့်မို့လို့ Third Party စနစ်နဲ့ပတ်သက်ပြီး မှန်ကန်စွာ ကျင့်သုံးနိုင်ရေးဆိုရင် ဝန်ကြီးဌာနတွေ ကိုယ်တိုင်က စနစ်နည်းနည်းပြောင်းရပါမယ်။ ဘာကြောင့် ပြောင်းရမလဲဆိုရင် ဝန်ကြီးဌာနတွေက ဘတ်ဂျက်တွေကိစ္စ၊ ဘတ်ဂျက်ရေးဆွဲတဲ့ကိစ္စမှာ တကယ်တော့ International တွေကဆိုလို့ရှိရင် Project တစ်ခုဆောင်ရွက်ဖို့ဆိုရင် Feasibility Study ကို အရင်ဆောင်ရွက်ရပါမယ်။ Feasibility Study ဆောင်ရွက်ဖို့အတွက် အစကတည်းကကိုက Consultant အခုနက Third Party ငှားပြီးကျတော့မှ Feasibility ဖြစ်/မဖြစ်။ ဘယ်လောက်ကုန်မှာတုန်း။ ဘယ်လိုနည်းစနစ်မျိုးနဲ့ ဆောင်ရွက်သင့်သလဲ စသည်ဖြင့် ဒီဟာကို အရင်ဆုံးပြီးတော့မှ ကန်ထရိုက်တာကို ချပြလိုက်ရပါတယ်။ ဒီမှာ ဒီလုပ်ငန်း ဒီလိုပုံစံ၊ ဒီလိုဆောင်ရွက်ရမယ်။ ခန့်မှန်းခြေကုန်ကျစရိတ် ဒီလောက်ဆိုတာ။ သူတို့လည်းပဲ ကျွန်တော်တို့ လက်ရှိဟာက ဒီလိုမျိုးမဟုတ်ဘဲနဲ့ One Line ဘတ်ဂျက်တင်ပြတောင်းခံခြင်းမျိုးနဲ့ ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။ ကြိုတင်ပြီးတော့ Feasibility Study ဆောင်ရွက်ပြီးတော့ကျမှ ဘတ်ဂျက်တောင်းတယ်ဆိုတာ နိုင်ငံခြား Project လုပ်ငန်းတွေမှသာလျှင်။ ပြည်တွင်း Project လုပ်ငန်းတွေ ကတော့ Feasibility Study နဲ့ ဆောင်ရွက်တာ တော်တော်လေးရှားပါတယ်။ ကျွန်တော်တို့ ဒီအတိုင်းပဲတင်ပြတောင်းခံပြီးတော့မှ ဘတ်ဂျက်ရမှပဲ တင်ဒါခေါ်ပြီး တင်ဒါခေါ်တဲ့အချိန်ကျမှပဲ ပုံစံတွေရေးဆွဲတဲ့စနစ်မျိုးတွေ ဖြစ်နေပါတယ်။ အဲဒါကအစစတင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။ နောက်ဒီနေရာမှာလည်း ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့ကိစ္စလေးတွေ ရှိပါတယ်။ ဒီနေရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု။ တာဝန်ယူမှု၊ တာဝန်ခံမှုကတော့ ကျွန်တော်တို့က ကျွန်တော်တို့ နိုင်ငံသည်လည်း အခုဆိုရင် FIDIC ရဲ့ Guideline အတိုင်း လိုက်နာဆောင်ရွက်တဲ့အဖွဲ့အစည်းတွင် International FIDIC Guideline ကို ကျွန်တော်တို့ လိုက်နာဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းဟာလည်း FIDIC မှာပြဋ္ဌာန်းထားတဲ့ အတိုင်း ကျွန်တော်တို့ဆောင်ရွက်သွားရပါမယ်။

ဒီနေရာမှာလည်း လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ဇလွန်မဲဆန္ဒနယ်ကနေပြီးတော့ FIDIC ပါအချက်အလက်တချို့ကို Power Point နဲ့ရှင်းလင်းသွားတာလေးတွေ ရှိပါတယ်။ စာချုပ်ပါအချက်အလက်တွေ၊ BQ, BE, Structure Drawing, Architects Drawing, Measurement နဲ့ ပတ်သက်တဲ့အချက်အလက်တွေရယ်။ အချိန်ဇယားနဲ့ပတ်သက်တဲ့အချက်အလက်တွေရယ်။ Check ကိစ္စနဲ့ပတ်သက်တဲ့အချက်အလက်တွေ။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ဒီ FIDIC ပါ အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသွားတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း FIDIC ပါ အချက်အလက်များကို အလုံးစုံလိုက်နာရမှာ ဖြစ်ပါတယ်။ FIDIC ပါ အချက်အလက်များဖြစ်တဲ့ စာချုပ်ပါပုံစံတွေ၊ အငြင်းပွားမှုဖြစ်လာရင် Arbitration ကိစ္စတွေ၊ ထည့်သွင်းရမယ့်ကိစ္စတွေ၊ ဖြေရှင်းနည်းတွေ၊ လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းတွေ။ ဒါတွေအားလုံးကို လိုက်နာရမှာဖြစ်ပါတယ်။ FIDIC ကလည်း ဒါတွေအတွက်ကို Pink book One Set ကို ကျွန်တော်တို့ဆီကို ပေးပို့ထားပြီးဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့က FIDIC မှာ အဲဒီထဲမှာ Consultant လုပ်ငန်းနဲ့ အာမခံလုပ်ငန်းရဲ့ခြားနားချက်တွေအကြောင်းတွေလည်း ရှင်းလင်းတင်ပြသွားပြီးဖြစ်ပါတယ်။ ဒီလို Third Party စနစ်နဲ့ စစ်ဆေးတဲ့နေရာမှာ ဘာတွေစစ်ဆေးမလဲ။ ဒီဇိုင်းပိုင်းဆိုင်ရာတွေ စစ်ဆေးဖို့ရှိပါတယ်။ အဲဒီနေရာမှာ လျှပ်စစ်၊ ရေသန့်ပိုင်းကျွမ်းကျင်သူတွေ၊ စက်မှုပိုင်း

ဆိုင်ရာကျွမ်းကျင်သူတွေလိုအပ်သလို မီးဘေးကာကွယ်ရေး၊ မီးသတ်ဦးစီးဌာနအနေနဲ့လည်း ပါဝင်ပြီးတော့မှ စိစစ်ရမှာဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနရဲ့စစ်ဆေးမှုတွေလိုအပ်သလို GEO Technical ပညာရှင်၊ ဘူမိနည်းပညာ စစ်ဆေးသူပညာရှင် ဒါတွေရဲ့စစ်ဆေးမှုလည်းလိုအပ်မှာ ဖြစ်ပါတယ်။ စစ်ဆေးသူပညာရှင်တွေဟာ ၎င်းတို့စစ်ဆေးတဲ့ စီမံကိန်းကို ဒီဇိုင်းပြုလုပ်တဲ့ ဗိသုကာ/အင်ဂျင်နီယာအဖွဲ့အစည်းများ၊ ကန်ထရိုက်တာအဖွဲ့အစည်းများနှင့် ပါဝင်လို့မရပါဘူး။ အဲဒါက Conflict of Interest ပဲ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်တော်များများ ဒီကိစ္စကို ထောက်ပြသွားပါတယ်။ Conflict of Interest မဖြစ်စေဖို့အတွက် ဒီစစ်ဆေးမယ့် Third Party ဟာ လွတ်လပ်တဲ့အဖွဲ့အစည်းဖြစ်ဖို့ဆိုတဲ့ အချက်ကိုလည်း အများကြီးထောက်ပြသွားတာဖြစ်ပါတယ်။ အဲဒီအဖွဲ့အစည်းတွေအားလုံးဟာ ကျွန်တော်တို့ သက်ဆိုင်ရာအင်ဂျင်နီယာ အရာရှိဝန်ထမ်းတွေနှင့်လည်း ဆက်သွယ်လို့မရပါဘူး။ ဤအစီအစဉ်တွေမှာပါဝင်တဲ့ သူများသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားတဲ့ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ သက်ဆိုင်ရာအဆောက်အအုံ အာဏာပိုင်အဖွဲ့နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ/ မြန်မာနိုင်ငံဗိသုကာကောင်စီတို့မှ ထုတ်ပြန်ထားတဲ့ မူဝါဒ၊ ဥပဒေနှင့် ကျင့်ဝတ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဒီဇိုင်းပိုင်းဆိုင်ရာ၊ လျှပ်စစ်ဆိုင်ရာ၊ ရေသန့်နှင့်စက်မှုဆိုင်ရာ၊ ဘူမိနည်းပညာဆိုင်ရာ၊ မီးဘေးကာကွယ်ရေးဆိုင်ရာ စစ်ဆေးသူပညာရှင်များဟာ ဆိုင်ရာဘာသာရပ်များမှာ Professional ဖြစ်ဖို့လိုပါတယ်။ Professional Qualification တွေပြည့်စုံရပါမယ်။ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီကနေပြီးတော့ P.E, R.s.c, R.E ရရှိထားသူတွေလည်း ပါဝင်ရမှာဖြစ်ပါတယ်။ Professional အင်ဂျင်နီယာပညာရှင်များ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ် ethics များကိုလည်း သတ်မှတ်ပြဌာန်းထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Third Party စနစ်ဖြင့် စစ်ဆေးဆောင်ရွက်နိုင်ရန် လိုအပ်တဲ့ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ(MNBC)ကိုလည်းပဲ တစ်နိုင်ငံလုံး လက်ခံကျင့်သုံးနိုင်ဖို့အတွက် မြန်မာဘာသာကို ပြန်ဆိုလျက်ရှိပါတယ်။ အဓိက ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်တဲ့ ဘိလပ်မြေ၊ ကတ္တရာ၊ သံချောင်း၊ ကျောက်၊ သဲတို့အတွက် မြန်မာနိုင်ငံနှင့် ကိုက်ညီမည့် စံချိန်စံညွှန်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စံချိန်စံညွှန်းအဖြစ် သုတေသနနှင့် ဓာတ်ခွဲခန်းရုံးများ သုတေသနပြု၍ သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များမှာလည်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများရဲ့ အရည်အသွေးများကို စမ်းသပ်နိုင်ဖို့အတွက် mini-lab များကို တည်ထောင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာလည်းပဲ သက်ဆိုင်ရာ ကျွန်တော်တို့ Third Party ဆိုလို့ရှိရင် သူတို့အတွက် တိုင်းတာစစ်ဆေးဖို့အတွက် သူကဓာတ်ခွဲခန်းလိုအပ်လှပါတယ်။ အဲဒီအတွက်ကိုလည်းပဲ သက်ဆိုင်ရာ Third Party များက လိုအပ်လာလို့ရှိရင် ကျွန်တော်တို့ ဓာတ်ခွဲခန်းများဟာ တစ်နိုင်ငံလုံးမှာ ထောင်ထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဓာတ်ခွဲခန်းများကို သူတို့အနေနဲ့ သုံးစွဲနိုင်ပါကြောင်းနှင့် ဒီနေရာကနေ တင်ပြအပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများရဲ့ စံချိန်စံညွှန်းတွေကို အမျိုးသားစံချိန်စံညွှန်းကောင်စီသို့ပေးပို့ပြီး မြန်မာ့စံချိန်စံညွှန်းများ

သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့စံချိန်စံညွှန်းနှင့် သတ်မှတ်ပြီးမှ သာလျှင် Third Party စနစ်ဖြင့် စစ်ဆေးသူများသည် မြန်မာ့စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေး ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

Third Party Inspection Programme တွင်ပါဝင်တဲ့ အဖွဲ့အစည်းအားလုံးရဲ့ တာဝန်များကိုလည်း သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။ ဒါကိုလည်း ခုနက ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့အချက်မှာပါပါတယ်။ သူတို့ရဲ့ တာဝန်တွေ ဒါတွေအားလုံးရဲ့ ဒီကိုစ္စ Spec တွေ၊ Standard တွေ အားလုံးကို ကျွန်တော်တို့က သတ်မှတ်ပေးသွားရမှာ Third Party Inspection ဆောင်ရွက်မည့်အဖွဲ့အစည်း၊ လုပ်ငန်းရှင်၊ ကန်ထရိုက်တာ၊ Third Party Inspection Programme တွေကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနတို့ရဲ့ တာဝန်တွေကို သီးခြားသတ်မှတ် ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ ဒီနေရာမှာ Third Party နဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ပြီးခဲ့တဲ့ အပတ်ကလည်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ရှင်းလင်းခဲ့တာရှိပါတယ်။ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဒီ ၂၀၁၆ ခုနှစ် ဧပြီလမှာ စတင်တာဝန်ယူစဉ်ကတည်းက Third Party ဆိုတဲ့ ဒီစကားလုံးကို စတင်ပြီး Introduce လုပ်ပြီးတော့ မြန်မာနိုင်ငံမှာ Third Party စနစ်ကျင့်သုံးရမယ်။ အဲဒီအချိန်အခါမှာတောင် သူတို့နိုင်ငံမှာ Third Party လို့ခေါ်တဲ့ အဖွဲ့အစည်းတွေဟာ လက်တွေ့ Institution ကြီးက မခိုင်မာသေးပါဘူး။ ဖြစ်နိုင်မယ်ဆိုရင် မရှိသလောက် အဲဒီအချိန်အခါ ဖြစ်ခဲ့တဲ့ အတွက် ပြည်ထောင်စုဝန်ကြီးအနေနဲ့ MICEG ဆိုပြီးတော့ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းအောက်မှာရှိတဲ့ Chapter တွေကို MICEG ဆိုပြီးဖွဲ့စည်းပြီးတော့ Third Party စနစ်အဖြစ်နဲ့ ဝန်ကြီးချုပ်များအားလုံး တာဝန်ပေးပါဆိုပြီး ကျွန်တော်တို့ စာထုတ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ်တော်ကြီး ဦးဝင်းထွဋ်က MICEG သည် သီးခြားတဲ့ အဖွဲ့အစည်းလေးဖြစ်ရမယ်ဆိုတဲ့အချက် မှန်ပါတယ်။ ထောက်ခံပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့ MICEG ကို MES အောက်တွင် သီးခြားဖွဲ့စည်းတဲ့အဖွဲ့အစည်းလည်းလုပ်ပါဆိုပြီးလည်း MES ကို ကျွန်တော်တို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ အဲဒါမှလည်း MICEG ကစစ်ဆေးပေးတဲ့ အချက်အလက်တွေဟာ သီးခြားလွတ်လပ်တဲ့အချက်အလက်တွေအဖြစ်နဲ့ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ Third Party Inspection Progarmme ကိုအကောင်အထည်ဖော်မယ့်အဖွဲ့အစည်း၊ လိုက်နာကျင့်သုံးရမယ့်စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်လက်စွဲစာအုပ်များ၊ Third Party Inspection Progarmme ဖြင့်စစ်ဆေးရာတွင် ကုန်ကျမည့်အခကြေးငွေများတို့ကို ပြုစုရေးဆွဲ သတ်မှတ်ဖို့လည်း လိုအပ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်း တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက တည်ဆောက်ရေးလုပ်ငန်းများအားလုံး ကုန်ကျစရိတ်မှန်ကန်စွာဖြင့် အရည်အသွေးစံချိန်စံညွှန်းမီသော Public Safety ရှိသော အဆောက်အအုံများပေါ်ပေါက်လာမှာဖြစ်ပါတယ်။ Third Party စနစ်အကောင်အထည် ဆောင်ရွက်နိုင်ရန် လိုအပ်သောပညာရှင်များမွေးထုတ်ခြင်း၊ ပစ္စည်းစံချိန်စံညွှန်းများ ပြုစုသတ်မှတ်ခြင်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ (Myanmar National Building Code) ကိုလည်း တစ်နိုင်ငံလုံးကျင့်သုံးရမယ့်စည်းမျဉ်းစည်းကမ်းအဖြစ် ထုတ်ပြန်နိုင်ရန်ဆောင်ရွက်ခြင်းတို့ကို

လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီတို့က ဆောင်ရွက်လျက်ရှိပါတယ်။ Third Party စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်လိုအပ်သော လမ်းညွှန်လက်စွဲစာအုပ်များ၊ လိုက်နာကျင့်သုံးရမည့်စည်းမျဉ်းစည်းကမ်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်နေတဲ့လုပ်ငန်းများကိုလည်း Third Party မှစစ်ဆေးဆောင်ရွက်စေမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ပြည်ထောင်စုလွှတ်တော်မှာလည်း ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ စနစ်မှားယွင်းနေတယ်ဆိုတာ ၂၀၁၆ ခုနှစ် ဧပြီလကတည်းက ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ထောက်ပြခဲ့လို့ စနစ်ကိုမှန်အောင် ပြင်ဆင်ဖို့ဆောင်ရွက်လျက်ရှိပါတယ်။ အဲနေရာမှာလည်း အချိန်တစ်ခုယူပြီးတော့ World Bank, ADB တို့ရဲ့အကူအညီနဲ့ စနစ်ကိုတစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော်တို့ပြောင်းလဲနေတာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ယခင်ရှေ့က သွားတဲ့နိုင်ငံများဖြစ်တဲ့ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ နယူးဇီလန်နိုင်ငံ ကျွန်တော်တို့နဲ့ အလားသဏ္ဌာန်တူတဲ့ဆိုရှယ်လစ်စနစ်ကနေပြီး ကူးပြောင်းတဲ့နိုင်ငံတွေရဲ့ နမူနာကိုယူပြီးတော့မှ ကျွန်တော်တို့ဌာနကြီးကို Regulatory Body ဖြစ်အောင် ကျွန်တော်တို့က တစ်ဆင့်ချင်း ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ Regulatory Body ပြောင်းလဲသွားပြီဆိုရင်တော့ ကျွန်တော်တို့ဌာနသည် Regulatory အနေနဲ့ပဲ ဆောင်ရွက်မှာဖြစ်ပြီးတော့ ဒီကန်ထရိုက်လုပ်ငန်းတွေအားလုံးကတော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ကန်ထရိုက်တာတွေများက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီအတွက်ကိုလည်း ကျွန်တော်တို့က UECC ဆိုတဲ့ Frame Work ကြီးတစ်ခုရေးဆွဲထားပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဦးဇော်မင်းသိန်း ထောက်ပြသွားခဲ့တဲ့ ရေကြည်မြို့နယ်က ကျောင်းကိစ္စတွေ၊ စံချိန်စံညွှန်းမမီမှုတွေနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ခုံဖွဲ့ပြီးတော့ ဝန်ကြီးဌာနမှာလည်း လာရောက်ပြီးတော့ တင်ပြသွားပါတယ်။ ဒါကြောင့်မို့လို့ ကျေးဇူးတင်ပါတယ်။ အဲဒီတင်ပြတဲ့နေ့ကစပြီး ခုံအဖွဲ့က စစ်ဆေးနေပါတယ်။ ထိရောက်စွာလည်း အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးဝင်းထွဋ်ရဲ့ Regulatory Body နဲ့ပတ်သက်ပြီးတော့ ပြောင်းလဲမှုကိုအကြံပြုတင်ပြသွားတဲ့အချက်ကိုလည်း ကျွန်တော်တို့ အထူးကျေးဇူးတင်ရှိပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကနေပြီးတော့မှ ဆီးသီးဗန်းမှောက်တယ်ဆိုတဲ့ ကိစ္စလေး ဒီနေရာမှာ ဆွေးနွေးသွားတာလည်းရှိပါတယ်။ ဒါလည်း အရင်လွှတ်တော်က သုံးတဲ့အသုံးအနှုန်းလေးပါပဲ။ အဲဒီတော့ အဲဒီတုန်းက ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်အရ ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ ယခုနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တာဝန်ယူပေးပါဆိုတာက ကျွန်တော်တို့က Quality ပိုင်းဆိုင်ရာကို တာဝန်ယူပေးပါဆိုပြီး အပ်နှံလာတဲ့အတွက် ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးချုပ်များကို တင်ဒါကော်မတီများဖွဲ့စည်းပြီးတော့ ဆောင်ရွက်ပါ။ Quality ကို ဒီလိုစစ်ဆေးပါ။Third Party ကို ဒီလိုငှားပါ။ ကျွန်တော်တို့ ညွှန်ကြားချက်များကို၊ ညှိနှိုင်းအကြောင်းကြားစာများကို ဝန်ကြီးချုပ်များထံကို ပေးပို့ထားပြီးဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ယခု ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်မှ အဆိုတင်သွင်းထားတဲ့ နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကတော့ ကျွန်တော်တို့ Construction Industry ကြီးတစ်ခုလုံးကို အထောက်အကူပြုပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနက သွားနေတဲ့ Quality Oriented ကို Drive လုပ်တာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီအဆိုကို ထောက်ခံပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ကျွန်မ၏အဆိုကို ထောက်ခံအကြံပြုဆွေးနွေးခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ပြန်လည်ရှင်းလင်းဖြေကြားပေးပါသော ပြည်ထောင်စုဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ ကျွန်မ၏အဆိုအား လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ Third Party ထားတဲ့စနစ်ကိုတော့ လွှတ်တော်က အတည်ပြုပြီးပြီ။ ကိုယ်စားလှယ်တော်တော်များများကလည်း ဆွေးနွေးသွားတာရှိပါတယ်။ ဘာဆွေးနွေးသွားလဲဆိုတော့ တချို့က အားလုံးဟာ အင်ဂျင်နီယာဘွဲ့ရတဲ့ကိုယ်စားလှယ်တွေမဟုတ်ဘူး။ နားမလည်နိုင်ဘူးဆိုပြီး ဒီလိုဆွေးနွေးတာ ကြားခဲ့ရပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ ကျွန်တော့်အမြင်နဲ့ပြောမယ်ဆိုရင်တော့ အခြေခံဗဟုသုတတော့ အားလုံးရှိပါတယ်။ ဒါဟာ ဒီလိုနိုင်ငံတည်ဆောက်ရေးလုပ်နေတဲ့ကာလမှာ ဒီစနစ်ထားရှိလို့၊ Third Party ရှိသွားလို့ တို့နဲ့မဆိုင်တော့ဘူးလို့တော့ ဥပေက္ခာမပြုထားပါနဲ့။ ဒါဟာ ပြည်သူ့ဘဏ္ဍာနဲ့ ဆောက်လုပ်တာဖြစ်ပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေဟာ ပြည်သူ့ဘဏ္ဍာနဲ့ဆောက်တဲ့ဟာ ဖြစ်တဲ့အခါကျတော့ ပြည်သူ့ကိုယ်စားလှယ်တွေမှာ တာဝန်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေမှာလည်း အနည်းနဲ့အများတော့ အင်ဂျင်နီယာဘွဲ့ရမှ မဟုတ်ပါဘူး။ Parliamentary Oversight အရ ကြည့်လို့ရတာတွေ ရှိပါတယ်။ ဈေးနှုန်းမှန်လား၊ မမှန်လား။ ပစ္စည်းအမျိုးအစားမှန်လား၊ မမှန်လား သုံးတဲ့နေရာမှာ။ သစ်မာသုံးသလား။ သစ်ပုတ်သုံး

သလား။ အရည်အသွေးမီတဲ့ သွပ်ကို သုံးသလား၊ မသုံးဘူးလား။ ဘိလပ်မြေအမျိုးအစားမှန်လား၊ မမှန်လား။ အမျိုးအစားမှန်၊ မမှန်လည်း ကျွန်တော်တို့ ကြည့်လို့ရမယ်။ ဒီလိုပဲ ဆောက်လုပ်ရေးလုပ်ငန်းလုပ်တဲ့အခါမှာ အချိုးအစားမှန်လား၊ မမှန်လားဆိုတာ ကြည့်လို့ရပါတယ်။ ဘိလပ်စပ်တဲ့အခါမှာ ၄ း ၁ လား၊ ၆ း ၁ လား။ ခိုသလား။ ခိုးသလား။ ကျောက်ကို မှန်မှန်ကန်ကန်သုံးသလား။ အုတ်က မိုးထိလို့ရှိရင် ပြိုကျမဲ့အုတ်လား။ တကယ်မီးကျက်တဲ့အုတ်လား။ မျက်မြင်နဲ့လည်း ရပါတယ်။ အခုနက ပြောတဲ့အုတ်စီးအုတ်နင်းမှန်လား၊ မမှန်လား။ ဒီအခြေခံဗဟုသုတလေးတွေက အင်ဂျင်နီယာဘွဲ့ရမှ မဟုတ်ပါဘူး။ အခုပန်းရံတွေလုပ်နေတာ အင်ဂျင်နီယာဘွဲ့ရလို့ ပန်းရံလုပ်နေတာမဟုတ်ပါဘူး။ အဲဒီအခြေခံပန်းရံဗဟုသုတ၊ လက်သမားဗဟုသုတရှိရင်တောင် စစ်ဆေးလို့ရပါတယ်။ ကြည့်လို့ရပါတယ်။ ကြည့်စေချင်ပါတယ်။ Third Party မျက်နှာလွှဲထားပြီးတော့ မကြည့်ဘူးဆိုရင် နောက်တစ်ခါ Fourth Party ထပ်လိုက်နေရမယ်။ အဲဒီတော့ ကျွန်တော်တို့ဘက်ကလည်း ကိုယ်စားလှယ်တွေက ကိုယ်ရဲ့လုပ်ငန်းကိုလည်း ကိုယ်လုပ်ပါ။ ဒါက ဝင်ရောက်စွက်ဖက်တာ မဟုတ်ဘူး။ ဒါက Parliamentary Oversight လုပ်တာ။ ကျွန်တော်အမြဲပြောတယ်။ ဥပမာ အစောတုန်းက Power Point ထိုးသွားတယ်။ လမ်းခင်းတယ်။ တူးရမယ့်အနက်က အဲဒီအနက်ရောက်လား၊ မရောက်လား။ ပြီးရင် အဲဒီအနက်မှာ ကျောက်ကြီးရှိသလား။ ကျောက်ကြီးပြီးမှ ကျောက်လတ်တင်သလား။ ကျောက်လတ်ပြီးမှ ကျောက်သေးတင်သလား။ ကြည့်ရမယ်။ ကျောက်ကြီးမချဘူး။ ကျောက်လတ်နဲ့ ကျောက်သေးလေးနဲ့တင်ပြီးသွား။ လမ်းက ကားလည်းသွားရော၊ တစ်မိုးလောက်လည်းကျရော ကိစ္စပြတ်ထွက်သွားရော။ ဒါလေးတွေက အခြေခံဗဟုသုတပါ။ ကျွန်တော်ပြောချင်တာက အဲဒါကြောင့်အခုနက ပြောသလို အတည်ပြုသွားလို့၊ Third Party ရှိသွားလို့ တို့တာဝန်တော့ပြီးပြီလို့ မမှတ်ပါနဲ့။ ပြည်သူ့ဘဏ္ဍာနဲ့သုံးတာပါ။ ပြည်သူ့ကိုယ်စားလှယ်တွေမှာ Parliamentary Oversight လုပ်ဖို့ ကြည့်လို့ရပါတယ်။ အခုနကပြောတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက မှန်ပါတယ်။ Feasibility Study ကြိုမလုပ်ဘဲတင်ကြတာတွေ။ အဲဒီ ကြိုမလုပ်ဘဲ တင်လာရင် ကိုယ့်မဲဆန္ဒနယ်မှာ ဘယ်လုပ်ငန်းတွေတင်ရလဲ ကိုယ်စားလှယ်က သိရမယ်။ ဖြစ်နိုင်လား၊ မဖြစ်နိုင်လား။ အခုနက အဆိုဆွေးနွေးတဲ့ကိုယ်စားလှယ်ရဲ့ မြို့နယ် လေးမျက်နှာမှာပဲ ကျွန်တော်ပြောလိုက်ပါတယ်။ ချောင်းကူးတံတားဆောက်တယ်။ ဖြစ်နိုင်ခြေရှိတာနဲ့၊ မရှိတာနဲ့။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်ချင်တာနဲ့။ ဒေသက ဖြစ်နိုင်ခြေမရှိလို့ ဒီနေရာက မိုးတွင်းရေစီးရေလာနဲ့ စားသွားပြီးပျက်မှာမို့လို့ မဆောက်ချင်တာနဲ့။ ပြောချင်တာက အဲဒီလို Feasibility Study ရှိ/မရှိရယ်။ ကိုယ့်ဘတ်ဂျက်တင်လာပြီဆိုရင် ကိုယ့်စီမံကိန်း၊ ကိုယ့်မဲဆန္ဒနယ် တင်လာပြီဆိုရင် ကြည့်ပေးပါ။ ဒါဘာလို့ ကျွန်တော်ပြောလဲဆိုတော့ အခုဒီအဆိုကို အောင်မြင်သွားပြီ။ အတည်ဖြစ်သွားပြီ။ နောက်က Folw ကမလိုက်နိုင်ဘူး။ Check and Balance မလုပ်နိုင်ဘူး။ Parliamentary Oversight မလုပ်နိုင်ဘူးဆိုရင် ဒီဘတ်ဂျက်က လွှတ်တော်ကိုယ်စားလှယ်တွေက အတည်ပြုပေးလိုက်တဲ့၊ ချပေးလိုက်တဲ့ ဘတ်ဂျက်။ ကျွန်တော်တို့လည်း တာဝန်မကင်းဘူးဖြစ်နေတယ်။ အဲဒါလေးတော့ ဂရုစိုက်ပေးစေချင်ပါတယ်။ ဒါအားလုံးကို ကျွန်တော်မေတ္တာရပ်ခံအပ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ (၁၄.၁၁.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဒေါက်တာခင်ညို
(ဒေးဒရဲ မဲဆန္ဒနယ်)



ဦးစိန်အောင်
(ပလက်ဝ မဲဆန္ဒနယ်)



ဦးဘုန်းမြင့်အောင်
(ဒိုက်ဦး မဲဆန္ဒနယ်)



ဒေါက်တာဦးလင်းလင်းကျော်
(မြစ်သား မဲဆန္ဒနယ်)



ဦးမြင့်ဦး
(သနပ်ပင် မဲဆန္ဒနယ်)



ဦးကျော်လင်း
(ဆောက်လုပ်ရေး ဒုဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်